# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၁၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်ကဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်



နေပြည်တော် ဇန်နဝါရီ ၂၃

၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်ကဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားအဖွဲ့များမှ အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားမောင်မယ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်းမှ လေးယောက်တွဲအမျိုးသားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀၀ ပေးအပ်စဉ်။


ယနေ့ မာ တိ ကာ

အမျိုးသားရေးစိတ်ဓာတ်များဖြင့် ပေါ်ပေါက်လာမည့် နိုင်ငံရေးပါတီများ — ဆောင်းပါး စာ ၁၀



မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်အင်းနှင့် တံတားဦးမြို့နယ် ပြူကန်တို့ကို အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းရှိ ငှက်ပျံသန်းကွန်ရက်နယ်မြေများအဖြစ် အတည်ပြုသတ်မှတ် — ပြည်တွင်းသတင်း စာ ၁၁

## မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုံခြုံရေးအသိ၊ သတိဖြင့်အသုံးပြု

ငွေစက္ကူအသုံးပြုမှုလျော့ကျလာပြီး ဒစ်ဂျစ်တယ်ငွေကြေးစနစ်ကို ပိုမိုသုံးစွဲလာခြင်းအားဖြင့် ငွေကြေးလုပ်ငန်းများ ပိုမိုလုံခြုံချောမွေ့လျင်မြန်လာစေသည်။ မိုဘိုင်းငွေပေးချေမှုကို စနစ်တကျ သုံးစွဲခြင်းဖြင့် လုပ်ငန်းတော်တော်များများ ထိုင်ရာမထပြီးမြောက်နိုင်သည်။ အွန်လိုင်းအသုံးပြုမှုများပြားလာသည့်အခါ မသမာသူများ၊ ဒုစရိုက်သမားများလည်း အွန်လိုင်းပေါ်သို့ ရောက်လာသည်။ အွန်လိုင်းပေါ်မှတစ်ဆင့် သားကောင်များကို ရှာဖွေကာ နည်းအမျိုးမျိုးဖြင့် လိမ်လည်မှုများ ပြုလုပ်ကြသည်။

မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း အွန်လိုင်းလိမ်လည်မှုပေါင်း ၄၈၂ မှုရှိခဲ့သည်ဟု မိုဘိုင်းငွေပေးချေမှုလမ်းကြောင်းများမှတစ်ဆင့် ငွေကြေးလိမ်လည်မှုတားဆီးရေး အများပြည်သူသို့ အသိပညာပေးဆွေးနွေးပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောကြားခဲ့သည်။ နိုင်ငံခြားသားများပါဝင်သည့် ငွေကြေးလိမ်လည်မှုများတွင် ပစ်မှတ်သားကောင်ကို ဆိုရှယ်မီဒီယာများမှတစ်ဆင့် ချိတ်ဆက်၍ ရင်းနှီးမှုရယူကာ တန်ဖိုးကြီးဥစ္စာပစ္စည်းများပေးပို့ ဟန်ဆောင်၍ ဆွဲဆောင်လိမ်လည်ကြခြင်းဖြစ်ပြီး လိမ်လည်မှုတွင်ပါဝင်သည့် နိုင်ဂျီးရီးယားနိုင်ငံသား ၂၃ ဦး၊ ထိုင်းနိုင်ငံသားတစ်ဦးနှင့် မြန်မာနိုင်ငံသား ၅၉ ဦးကို အရေးယူခဲ့ကြောင်းလည်း သိရသည်။ မိုဘိုင်းငွေကြေးလိမ်လည်မှုများကို တားဆီးကာကွယ်နိုင်ရန်မှာ မိုဘိုင်းငွေကြေးဝန်ဆောင်မှုကို သုံးစွဲသူပြည်သူများ လုံခြုံရေးအသိ သတိ ရှိကြရန်လိုသည်။ မသမာသူ ဒုစရိုက်သမားတို့၏ လှည့်စားမှုတွင် အငိုက်မမိကြရန်လိုသည်။

ဘဏ်နှင့်ငွေရေးကြေးရေးဝန်ဆောင်မှုများကို အသုံးပြု၍ လိမ်လည်မှုဖြစ်စဉ်ပေါ်ပေါက်ပါက ရဲစခန်းနှင့်ဘဏ်များ၊ ငွေကြေးဝန်ဆောင်မှုပေးသူများက ဆောင်ရွက်ရမည့်စံလုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက်ကို ထုတ်ပြန်ထားပြီးဖြစ်ရာ လိမ်လည်ခံရသူသည် သက်ဆိုင်ရာငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့်ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း၏ စုံစမ်းမေးမြန်းသည့်စင်တာ (Call Center)၊ တိုင်တန်းချက်လက်ခံသည့်စင်တာ (Complaint Certer) သို့ ချက်ချင်းဆက်သွယ်အကြောင်းကြားရမည်ဖြစ်သည်။ ယင်းနောက် စုံစမ်းမေးမြန်းသည့်စင်တာနှင့် တိုင်တန်းချက်လက်ခံသည့်စင်တာတို့က လိုအပ်၍ တောင်းခံသည့်အချက်အလက်များကို ချက်ချင်းပံ့ပိုးပေးရမည်ဖြစ်ပြီး သက်ဆိုင်ရာနယ်မြေရဲစခန်းတွင် သွားရောက်အမှုဖွင့်ရမည်ဖြစ်သည်။

သက်ဆိုင်ရာနယ်မြေရဲစခန်းသည် မိုဘိုင်းငွေလိမ်ခံရသူ၏ တိုင်တန်းချက်ကို လက်ခံရရှိပါက ချက်ချင်းအမှုဖွင့်လှစ်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး နယ်မြေရဲစခန်းက အမှုဖွင့်လှစ်ပြီးသည်နှင့် ချက်ချင်းဖုန်းနှင့်ဖြစ်စေ၊ ဖက်စ်နှင့်ဖြစ်စေ၊ e – Mail နှင့်ဖြစ်စေ သက်ဆိုင်ရာဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းကို ငွေလိမ်ခံရမှုတိုင်ကြားလာ၍ အမှုဖွင့်လှစ်ထားကြောင်း အကြောင်းကြားရမည်ဖြစ်သည်။ ရဲစခန်းက အကြောင်းကြားလာချိန်တွင် သက်ဆိုင်ရာဘဏ်နှင့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း၏ စုံစမ်းမေးမြန်းသည့်စင်တာနှင့် တိုင်တန်းချက်လက်ခံသည့်စင်တာတို့သည် လိမ်လည်ခံရသူ၏ ဆက်သွယ်အကြောင်းကြားချက်နှင့် အချက်အလက်များစစ်ဆေးမှုများ ပြုလုပ်ခြင်း စသည်ဖြင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ စံလုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက် (SoP) များသည် ယခင်မိုဘိုင်းငွေကြေးလိမ်လည်မှုဖြစ်စဉ်များတွင် သက်ဆိုင်ရာများသို့ တိုင်ကြားရန် အခက်အခဲများရှိခဲ့သည့်အပေါ် တိကျသောလုပ်ထုံးလုပ်နည်းများချမှတ်၍ ကာယကံရှင်တို့၏ ဆုံးရှုံးနစ်နာမှုများကို အမှုဖွင့်လှစ်တိုင်ကြားနိုင်ရန် လမ်းဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မိုဘိုင်းငွေကြေးလိမ်လည်မှုများသည် ဒုစရိုက်သမားများက သားကောင်၏ အယုံလွယ်မှု၊ ဗဟုသုတနည်းပါးမှု၊ လောဘစိတ်ဖြစ်ပေါ်မှုတို့အပေါ်တွင် အသုံးချသွားကြခြင်းဖြစ်ရာ ဆိုရှယ်မီဒီယာအသုံးပြုသူတိုင်း၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုအသုံးပြုသူတိုင်းက လိမ်လည်သူတို့၏ နည်းပရိယာယ်နှင့်နည်းပညာတို့ကို သတိပြုကာကွယ်ခြင်းသည်သာ အဓိကဟု အကျိုးမျှော်ကာ နှိုးဆော်အပ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## One pay Application ဖြင့်လည်း အွန်လိုင်းမှ ရွှေဝယ်ယူနိုင်ပြီ ဖြစ်ကာ ရွှေဝယ်ယူ စုဆောင်းလိုသူများ YGEA အသင်းရုံးသို့ ဆက်သွယ်နိုင်

ရန်ကုန် ဇန်နဝါရီ ၂၃

One pay Application ဖြင့်လည်း အွန်လိုင်းမှ ရွှေဝယ်ယူနိုင်ပြီ ဖြစ်ကာ ရွှေဝယ်ယူ စုဆောင်းလိုသူများ အနေဖြင့် ၎င်းတို့ အသင်းရုံးသို့ ဆက်သွယ်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း(YGEA)မှ သိရသည်။

One pay Application ဖြင့် ရွှေအရောင်းအဝယ် ပြုလုပ်နိုင်ရေးအတွက် AGD ဘဏ်၊ အကယ်ဒမီရွှေဆိုင်မှ တာဝန်ရှိသူများနှင့် YGEA က ဇန်နဝါရီ ၂၂ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

UAB Pay ဖြင့် ရွှေဘုံသာအခေါက်ရွှေဆိုင်မှ မီးလင်းရွှေများ ဝယ်ယူစုဆောင်းနိုင်ပြီးနောက် ယခုအခါ One pay Application ဖြင့် အကယ်ဒမီ မီးလင်းရွှေများအား စုဆောင်း၍ အရောင်းအဝယ်ပြုလုပ်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Application ဖြင့် အွန်လိုင်းမှ ရွှေဝယ်ယူစုဆောင်းလိုသူများအနေဖြင့် အသင်းရုံးသို့ လာရောက်ဆက်သွယ်နိုင်ကြောင်းလည်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) က အသိပေးထားသည်။

MT

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC–1 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားသို့ တက်ရောက်မည့် သတင်းမီဒီယာသမားဦးရေနှင့် အခမ်းအနားကျင်းပမည့် နေရာကန့်သတ်ချက်ပေါ်မူတည်၍ A Zone ၊ B Zone ခွဲခြားသတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍ အခမ်းအနားတက်ရောက် သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသည့် မီဒီယာများအနေဖြင့် သတင်းမီဒီယာဌာနတစ်ခုလျှင် သတင်းမီဒီယာသမား နှစ်ဦးနှုန်းဖြင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ရာထူးတာဝန်၊ သတင်းဌာန စသည့်သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက်များကို ဖြည့်စွက်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ (နေပြည်တော်)၊ ၀၆၇-၃၄၁၂၁၄၃၊ iprd.crd.npt@gmail.com၊ (ရန်ကုန်)၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ၂၇-၁-၂၀၂၄ ရက်နေ့အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန



အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ် ချန်နိုင်းမြို့၌ ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပသော (၁၀)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ တမီလ်စီးပွားရေးဖောင်ဒေးရှင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းကချီးမြှင့်သည့် ဆုပေးပွဲအခမ်းအနားတွင် ကမ္ဘာလုံးဆိုင်ရာ တမီလ်လူမှုဖူလုံရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးချွန်စွာဆောင်ရွက်ခဲ့သည့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုဒုတိယဥက္ကဋ္ဌ (ဟိန္ဒူဘာသာ) Mr. Thanga Raja @ ဦးဇော်ဇော်နိုင်သည် အိန္ဒိယနိုင်ငံ ပြည်နယ်ဝန်ကြီးက "ကမ္ဘာ့တမီလ်တို့၏ သရဖူရတနာ" ဆုချီးမြှင့်ခံရပြီး ဇန်နဝါရီ ၂၂ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့်ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

❑ ရွှေဖုံးမှ

**ထပ်မံဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားပင်ဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် ၂၀၂၃ ခုနှစ်အတွင်း ကျင်းပပြီးစီးခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပြီး အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများကို နိုင်ငံ့ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အောင်မြင်မှု ဆုတံဆိပ်များရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားအသင်းအဖွဲ့များကို နိုင်ငံတော်အဆင့် ထပ်မံဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားပင် ဖြစ်ကြောင်း။

**နိုင်ငံတော်ကထပ်ဆင့်ဂုဏ်ပြုချီးမြှင့်သွားမည်**

အောင်မြင်မှုရရှိခဲ့သည့် ပြိုင်ပွဲများမှာ ၂၀၂၃ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် (၄) ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲ၊ ၂၀၂၃ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ရိုမေးနီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ E-Sports ချန်ပီယံရှစ်ပြိုင်ပွဲ၊ နိုဝင်ဘာလအတွင်း ကိုရီးယားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၄)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၉) ကြိမ်မြောက် ကမ္ဘာ့ပီတန်းချန်ပီယံရှစ်ပြိုင်ပွဲနှင့် ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲတို့ ဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များကို နိုင်ငံတော်က ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်သွားမည် ဖြစ်ကြောင်း။

**နိုင်ငံအလိုက်ရပ်တည်မှု အဆင့်(၂၇)ရရှိခဲ့**

၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပိုက်ကျော်ခြင်း အမျိုးသား(၄)ယောက်တွဲပြိုင်ပွဲ၌ ရွှေတံဆိပ် (၁)ခု၊ ရိုးရာလှေ(၁၂)တက်လှော် (အမျိုးသမီး)မီတာ(၅၀၀)ပြိုင်ပွဲနှင့် ရိုးရာလှေ(၁၂)တက်လှော် (အမျိုးသား) မီတာ(၁၀၀၀)ပြိုင်ပွဲများတွင် ကြေးတံဆိပ် (၂)ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံ ၄၅ နိုင်ငံအနက် နိုင်ငံအလိုက်ရပ်တည်မှု အဆင့်(၂၇) ရရှိခဲ့ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်(၂)ခုသာ ရရှိခဲ့ပြီး နိုင်ငံအလိုက်ရပ်တည်မှုအဆင့်( ၃၅ ) ရရှိခဲ့သောကြောင့် တိုးတက်မှုရှိလာသည်ဟုဆို၍ ရနိုင်ကြောင်း။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့်(၄)ကြိမ်မြောက် အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် မီတာ(၁၀၀)နှင့်မီတာ(၂၀၀)တာတိုအပြေးပြိုင်ပွဲများ၌ ကြေးတံဆိပ်(၂)ခု၊ မီတာ(၁၀၀) တာတိုအပြေးပြိုင်ပွဲ၌ ကြေးတံဆိပ် (၁)ခု စုစုပေါင်း ကြေးတံဆိပ်(၃)ခု ဆွတ်ခူးရရှိခဲ့ကြကြောင်း။

၂၀၂၃ ခုနှစ် ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ရိုမေးနီးယားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာ့ E-Sports ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် Dota 2 အသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ရရှိခဲ့ကြောင်း။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၄) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် Men’s Sports Physique up to 175 Centimetre ပြိုင်ပွဲ၌ ရွှေတံဆိပ် (၁)ခု၊ အမျိုးသားကာယဗလ (၇၀) ကီလိုတန်းပြိုင်ပွဲ၌ ငွေတံဆိပ် တစ်ခုရရှိခဲ့ကြောင်း။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၉) ကြိမ်မြောက် ကမ္ဘာ့ပီတန်းချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ခင်ချယ်ရီသက်က ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့ကာ ကမ္ဘာ့အဆင့်(၁)အဖြစ် သတ်မှတ်ခြင်းခံခဲ့ရကြောင်း။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအားကစားသမား ၃၂ ဦးက ရွှေတံဆိပ် (၂)ခု၊ ငွေတံဆိပ်(၃)ခု၊ ကြေးတံဆိပ်(၉)ခု ဆွတ်ခူးရရှိခဲ့သောကြောင့် ကမ္ဘာ့အဆင့်(၆)နေရာတွင် ရပ်တည်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

**◆ အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် စုစုပေါင်း ရွှေတံဆိပ်(၅)ခု၊ ငွေတံဆိပ်(၅)ခု၊ ကြေးတံဆိပ်(၁၄)ခု စုစုပေါင်း ဆုတံဆိပ် (၂၄)ခု ရယူပေးနိုင်ခဲ့ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်၌ အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်သည့်အတွက် အုပ်ချုပ်သူများ၊ နည်းပြများအပါအဝင် ပြိုင်ပွဲဝင် မြန်မာအားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်တို့ကို ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၄) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် Men’s Sports Physique up to 175 Centimetre ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀၀ ပေးအပ်စဉ်။

**ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်**

ယခုကဲ့သို့ အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် စုစုပေါင်း ရွှေတံဆိပ်(၅)ခု၊ ငွေတံဆိပ်(၅)ခု၊ ကြေးတံဆိပ်(၁၄)ခု စုစုပေါင်း ဆုတံဆိပ် (၂၄)ခု ရယူပေးနိုင်ခဲ့ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်၌ အမိမြန်မာနိုင်ငံတော်အလံကိုလွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံ လွှင့်ပျံ့အောင် စွမ်းဆောင် ကြိုးပမ်းခဲ့သူများဖြစ်သည့်အတွက် အုပ်ချုပ်သူများ၊ နည်းပြများအပါအဝင် ပြိုင်ပွဲဝင် မြန်မာအားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်တို့ကို ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်ကြောင်း။

**ငွေကျပ်သိန်း ၃၉၀၀ကို ချီးမြှင့်ပေးအပ်သွားမည်**

ထိုသို့ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်ပြင်ဆင်ခဲ့မှုများကို ဂုဏ်ပြုသည့်အနေဖြင့် ပြိုင်ပွဲအသီးသီးတွင် တစ်ဦးချင်း ရွှေတံဆိပ်နှင့် အသင်းလိုက် ရွှေတံဆိပ်ရရှိခဲ့ကြသည့် အသင်းများကို ငွေကျပ်သိန်း ၃၀၀ စီ၊ တစ်ဦးချင်းငွေ တံဆိပ်နှင့် အသင်းလိုက် ငွေတံဆိပ်ရရှိခဲ့ကြသည့် အသင်းများကို ငွေကျပ်သိန်း ၂၀၀ စီ၊ တစ်ဦးချင်းကြေးတံဆိပ်နှင့် အသင်းလိုက်ကြေးတံဆိပ်ရရှိခဲ့ကြသည့် အသင်းများကို ငွေကျပ်သိန်း ၁၀၀ စီ စုစုပေါင်း ငွေကျပ်သိန်း ၃၉၀၀ ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း။

ယခုလို အောင်မြင်မှုရရှိကြသည့် အားကစားသမားများကို နိုင်ငံတော်အနေဖြင့် နိုင်ငံတော်အဆင့် အခမ်းအနားနှင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးနေသကဲ့သို့ အားကစားမောင်မယ်များအနေဖြင့်လည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်လိုသည့် စိတ်ဓာတ်များမွေးမြူပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အုပ်ချုပ်သူနည်းပြများ၏

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

သွန်သင်ဆုံးမလေ့ကျင့်ပေးမှုများအတိုင်း စည်းကမ်းရှိရှိ၊ အမိန့်နာခံမှု အပြည့်အဝနှင့် နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန် စဉ်ဆက်မပြတ် လေ့ကျင့်ဆောင်ရွက်နေကြရန် အထူးမှာကြားလိုကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး**

၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက်လည်း **၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း၌ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ကျင်းပပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊** ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားနည်းအလိုက် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်ရေး၊ လူငယ်၊ လူရွယ်များအပါအဝင် ပြည်သူတစ်ရပ်လုံး အားကစားကို

**○ လာမည့် ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ် ဂျပန်နိုင်ငံတွင် ကျင်းပမည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်နိုင်မည့် အားကစားနည်းအရေအတွက် သာမက အားကစားသမားအရေအတွက်ပါ အဆင့်မီမီတိုးမြှင့်ယှဉ်ပြိုင်နိုင်ရန်နှင့် ယခုထက် ပိုမိုအောင်မြင်မှုရရှိစေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းပြီး လူရွေးချယ်ရေးစီမံချက်၊ လေ့ကျင့်ရေးစီမံချက်၊ အောင်နိုင်ရေးစီမံချက်များကို စနစ်တကျရေးဆွဲ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၉) ကြိမ်မြောက် အမျိုးသမီးနှင့်သက်ငယ်တန်း ကမ္ဘာ့ချန်ပီယံရှစ် ပီတန်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း အပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀၀ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး IESF World Championship, 2023 ပြိုင်ပွဲ၊ Dota 2 အသင်းလိုက်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀၀ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် လှေလှော်အားကစားနည်းမှ မီတာ (၅၀၀) အမျိုးသမီး ၁၂ တက်လှော်ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုရရှိခဲ့သည့် အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း (၇) ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ ၅၁-၅၄ ကီလို(အတိုက်)ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညီစောလ (၇) ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ နှစ်ယောက်တွဲ ဓားရှည်အတိုက်အပြပြိုင်ပွဲများတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် အားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၀ ပေးအပ်စဉ်။

စိတ်ပါဝင်စားပြီး အားပေးဆောင်ရွက်လာစေရေး၊ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာ ကြံ့ခိုင်စေရန် အထောက်အကူပြုနိုင်စေရေးဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ **ဝန်ကြီးဌာနအသီးသီးနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့်လည်း ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးကိုယ်စားပြုအသင်းများကို ၂၀၂၄ ခုနှစ် အမျိုးသားအားကစားပွဲတော်ကြီးတွင် အဆင့်မီမီ အင်ပြည့်အားပြည့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်သွားကြရန်** နှင့် ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက်လည်း သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တစ်ပါတည်း မှာကြားလိုကြောင်း။

**အောင်နိုင်ရေးစီမံချက်များကိုစနစ်တကျရေးဆွဲ**

လာမည့် ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ် ဂျပန်နိုင်ငံတွင် ကျင်းပမည့် အကြိမ်(၂၀) မြောက်အာရှအားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်နိုင်မည့် အားကစားနည်းအရေအတွက်သာမက အားကစားသမားအရေအတွက်ပါ အဆင့်မီမီတိုးမြှင့်ယှဉ်ပြိုင်နိုင်ရန်နှင့် ယခုထက် ပိုမိုအောင်မြင်မှုရရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းပြီး လူရွေးချယ်ရေးစီမံချက်၊ လေ့ကျင့်ရေးစီမံချက်၊ အောင်နိုင်ရေးစီမံချက်များကို စနစ်တကျရေးဆွဲ ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အားကစားမောင်မယ်များအနေဖြင့် နောင်လာမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာ အားကစားပြိုင်ပွဲများ၌လည်း ဆက်လက်အောင်မြင်မှုရရှိစေရေး မလျှော့သော ဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ယခုထက် ပိုမိုအားထုတ်ကြိုးပမ်းသွားကြရန် ထပ်မံ၍ အလေးအနက် တိုက်တွန်းမှာကြားလိုကြောင်း။

**ဆက်လက်ကြိုးပမ်းအားထုတ်**

နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး **နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေး၊ လူငယ်လူရွယ်တိုင်း အားကစားကို စိတ်ပါဝင်စားပြီး လေ့လာလိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့်**

*စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

**အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်အောင် ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။**

ထို့နောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်ဆုရအားကစားအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု ၅ ဆု ဆွတ်ခူးပေးနိုင်ခဲ့သည့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့၊ ပီတန်းအားကစားအဖွဲ့၊ ဗိုဗီနမ်အားကစားအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူးက ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် ငွေတံဆိပ်ဆု ၅ ဆု ဆွတ်ခူးပေးနိုင်ခဲ့သည့် E-Sports အားကစားအဖွဲ့၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့နှင့် ဗိုဗီနမ်အားကစားအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက ကြေးတံဆိပ်ဆု ၅ ဆု ဆွတ်ခူးပေးနိုင်ခဲ့သည့် လှေလှော်အားကစားအဖွဲ့နှင့် ပြေးခုန်ပစ်(မသန်စွမ်း) အားကစားအဖွဲ့တို့ကိုလည်းကောင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ကြေးတံဆိပ်ဆု ၅ ဆု ဆွတ်ခူးပေးနိုင်ခဲ့သည့် ဗိုဗီနမ်အားကစားအဖွဲ့ကို လည်းကောင်း၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက ကြေးတံဆိပ်ဆု ၄ ဆု ဆွတ်ခူးပေးနိုင်ခဲ့သည့် ဗိုဗီနမ်အားကစားအဖွဲ့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ကျေးဇူးတင်စကားပြန်လည်ပြောကြား**

ယင်းနောက် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရ အားကစားသမားများကိုယ်စား ပီတန်းအားကစားသမား ခင်ချယ်ရီသက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားအဖွဲ့များမှ အုပ်ချုပ်သူများ၊နည်းပြများ၊ အားကစားမောင်မယ်များနှင့်အတူ ဂုဏ်ပြုလက်ဖက်ရည်ကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## YPS စက်မဖွင့်သော YBS ယာဉ်များအား သက်ဆိုင်ရာယာဉ်လိုင်းများနှင့် ပူးပေါင်းကာ ချက်ချင်းစစ်ဆေးပြင်ဆင်ပြီးအရေးယူပေးနေ

**ရန်ကုန် ဇန်နဝါရီ ၂၃**

YPSကတ်ဖြင့် ပေးချေအသုံးပြုနိုင်သည့် YBS ယာဉ်လိုင်းများတွင် စက်မဖွင့်ထားပါက ကားနံပါတ်နှင့် ယာဉ်အမှတ်ကို ပေးပို့အကြောင်းကြားလျှင် သက်ဆိုင်ရာယာဉ်လိုင်းများနှင့် ပူးပေါင်းဆောင်ရွက်ကာ ချက်ချင်းစစ်ဆေးပြင်ဆင်အရေးယူပေးနေကြောင်း Yangon Payment Service-YPS ထံမှ သိရသည်။ ခရီးသည်တစ်ဦးက YBS ယာဉ်လိုင်းအချို့ စက်ပိတ်ထားမှုနှင့်ပတ်သက်၍ Yangon Payment Service-YPS ၏ လူမှုကွန်ရက် ဖေ့စ်ဘွတ်စာမျက်နှာထက်တွင် စစ်ဆေးပေးရန် မှတ်ချက်ပြုထားသည့်အပေါ် အထက်ပါအတိုင်း ဖြေကြားပေးထားခြင်းဖြစ်သည်။

“YPSကတ်ဖြင့် ပေးချေအသုံးပြုနိုင်တဲ့ YBS ယာဉ်လိုင်းများ စက်မဖွင့်ထားတာတွေကိုလည်း သက်ဆိုင်ရာယာဉ်လိုင်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။ ကားနံပါတ်နှင့်ယာဉ်အမှတ်မှတ်ခဲ့ပေးရင် ချက်ချင်းစစ်ဆေး ပြင်ဆင်ပြီး အရေးယူပေးပါတယ်” ဟု ရေးသားဖြေကြားထားခြင်းဖြစ်သည်။

Yangon Payment Service -YPS နှင့်ပတ်သက်၍ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများ ရရှိနိုင်ရန် ကြိုးစားဆောင်ရွက်ပေးသွားမည်ဟု Yangon Payment Service-YPSက ဖြေကြားရာတွင်ထည့်သွင်းရေးသားထားသည်။ လက်ရှိတွင် YBS ယာဉ်စီးသူများအနေဖြင့် ယာဉ်စီးခနှင့်ပတ်သက်၍ အခက်အခဲမဖြစ်စေရန် YPS Card ကိုအသုံးပြုနိုင်သကဲ့သို့ မိုဘိုင်းဖုန်းဖြင့် စကင်ဖတ်ကာ ငွေပေးချေနိုင်မည့် YPS QR Codeကို အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

YPS QR Code ကို ဇန်နဝါရီ ၁၁ ရက်ကYBS 13,YBS 55,YBS 57ယာဉ်လိုင်းတွင်လည်းကောင်း၊ ဇန်နဝါရီ ၁၈ရက်က YBS 63 ယာဉ်လိုင်းတွင် လည်းကောင်း၊ ဇန်နဝါရီ ၁၉ရက်က YBS 42,YBS 65တွင် လည်းကောင်း၊ ဇန်နဝါရီ ၂၀ ရက်က YBS 22, YBS 64ယာဉ်လိုင်းတွင်လည်းကောင်း၊ ဇန်နဝါရီ ၂၂ ရက်က YBS 111, YBS 133, YBS 134 တွင် လည်းကောင်းအသုံးပြုနိုင်ပြီဖြစ်သည်။ **MT**

## ပြည်တက္ကသိုလ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**ပြည် ဇန်နဝါရီ ၂၃**

ပြည်တက္ကသိုလ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ပြည်တက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အခမ်းအနားတွင် ရှေးဦးစွာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာသည့် သစ်လွင်မောင်မယ်များအား ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ (သင်တန်း၊ စီမံ) ဌာနမှူးများနှင့် မိတ်ဆက်ပေးခြင်းများ ဆောင်ရွက်သည်။

ဆက်လက်၍ ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ ဝေဝေမြင့်က လည်းကောင်း၊ သိပ္ပံဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ရုက္ခဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ လှလှဝင်းကလည်းကောင်း၊ ကျောင်းစည်းကမ်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို သင်တန်းရေးရာဌာန (ဌာနမှူး) ဦးထိန်လင်းက လည်းကောင်း ရှင်းလင်း ပြောကြားသည်။ ထို့နောက် ကျောင်းသားကျောင်းသူလေးများက အကအလှများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နေပြည်တော် ဇေယျာသီရိမြို့နယ် အထက -၂ ၌ ပညာရေးစုံညီပွဲတော် ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၃**

နေပြည်တော်ဇေယျာသီရိမြို့နယ်အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့နံနက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။**(ဝဲပုံ)**

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးခင်မောင်လွင်၊ ကျောင်းအကျိုးတော်ဆောင် ဗိုလ်မှူးကြီးကျော်လှိုင်တို့က အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးအောင်မိုးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ကျောင်းသူ ကျောင်းသားများက တေးသီချင်းများ သီဆိုခြင်းနှင့် တေးသီရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ကပြကြသည်။

အခမ်းအနားတွင် တိုင်းအဆင့်၊ မြို့နယ်အဆင့် ပညာရည်ထူးချွန်ဆု ရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ အားကစားဆုရရှိသူများနှင့် ထူးချွန်ဆုရ ဆရာ ဆရာမများကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားကို Grade-10 ကျောင်းသား ကျောင်းသူများ၏ ဘက်စုံပညာကိုရည် တို့လှမ်းချီသီချင်းဖြင့် ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**သုခဟန်**

❖ *ကျောဖုံးမှ*

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး တက်ရောက်လာကြသည့် ဆန်လုပ်ငန်းရှင်များ ကိုယ်စားလှယ် ဦးအောင်ဇော်ထက်နှင့် ဟိုတယ်လုပ်ငန်းရှင်များကိုယ်စား မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ကရင်ဇုန်) ဒုတိယဥက္ကဋ္ဌ ဦးမျိုးမင်းအောင်ကျော်တို့က လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများနှင့် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ကရင်ပြည်နယ်အတွင်း ခရီးသွားလာမှုလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးထားမှုနှင့် အကျိုးရှိစွာသုံးစွဲကြရန်လိုအပ်သည့် အခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရန် လိုအပ်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီး၊ ဒုတိယဝန်ကြီးများက ဝန်ကြီးဌာနများအလိုက် MSME လုပ်ငန်းများနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လေ့ကျင့်သင်ကြားဆောင်ရွက်ပေးနေမှု၊ လုပ်ငန်းအတွက် ချေးငွေရယူလိုမှုနှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်နိုင်မှု၊ ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့်အရင်းအနှီးများ မတည်ဆောင်ရွက်ပေးမှု၊ သွင်းအားစုရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လက်အောက်ရှိ နယ်မြေခံဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ MSME လုပ်ငန်းနှင့်ပတ်သက်၍ ကုန်အမှတ်တံဆိပ်ဆိုင်ရာ မူပိုင်ခွင့်များ ရရှိရန်လိုအပ်မှု၊ ဝန်ကြီးဌာနများအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ MSME လုပ်ငန်းများအား အားပေးကူညီဆောင်ရွက်ပေးလျက်ရှိမှု စသဖြင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပြည်ပသို့တင်ပို့နိုင်သည်အထိ ရည်မှန်းချက်ထားဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စဉ် MSME နှင့်ပတ်သက်သည့် လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများသိရှိနိုင်ရန်နှင့် MSME လုပ်ငန်းလိုအပ်ချက်များသိရှိဖြည့်ဆည်းပေးနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းမှထွက်ရှိသော ကုန်ကြမ်းအခြေခံ စားသုံးဆီ၊ ဆန်နှင့်ဆန်ကွဲ၊ ဝါ၊ ရော်ဘာ၊ လက်ဖက်၊ ကော်ဖီ၊ ကြိမ်၊ သစ်၊ ဝါး စသည်ဖြင့် ၁၀ မျိုးကို ဒေသနှင့်ကိုက်ညီမှုအလိုက် ဆောင်ရွက်ရန် သတ်မှတ်ထားကြောင်း၊ ကုန်ချောထုတ်နိုင်ရန်မှာ ကုန်ကြမ်းသည် အဓိကလိုအပ်ချက်ဖြစ်ပြီး မိမိတို့ဒေသအလိုက် ထွက်ရှိသည့် ကုန်ကြမ်းကို အခြေခံ၍ စဉ်းစားဆောင်ရွက်ရန် လိုကြောင်း၊ ကုန်ကြမ်းမှ ကုန်ချောအဖြစ် ထုတ်လုပ်ရာတွင် One Region One Product အဖြစ် ဆောင်ရွက်၍ မိမိဒေသမှ ပြည်တွင်းဖူလုံသည်အထိ ၎င်းမှ ပြည်ပသို့တင်ပို့နိုင်သည်အထိ ရည်မှန်းချက်ထားဆောင်ရွက်သွားရန် လိုကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။**

**ပုဂ္ဂလိကဘဏ် ၁၆ ခုမှလည်း ငွေချေးငှား ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိ**

MSME များ အောင်မြင်ရန်မှာ ဒေသမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MSME အေဂျင်စီများ၊ MSME Member များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ ကုန်ချောထုတ်လုပ်နိုင်မှသာ မိမိတို့ဒေသ စားသောက်ကုန်နှင့် သုံးကုန်အတွက် ဖူလုံနိုင်မည်ဖြစ်ပြီး ပိုလျှံပါကလည်း ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် သွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ တင်ပြချက်များအရ ကရင်ပြည်နယ်တွင် စက်မှုလုပ်ငန်း ၁၁၈၇ ခုနှင့် Member ဝင် ၆၂၅ ဦး တွေ့ရှိရကာ ဘားအံနှင့် မြဝတီစက်မှုဇုန် နှစ်ဇုန်ရှိပြီး ကုန်ထုတ်လုပ်မှုတွင် ထိုက်သင့်သလောက် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း MSME Member Card အားလုံး လုပ်ဆောင်ကြရန်လိုပြီး ထိုသို့ လုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းများ တိုးချဲ့နိုင်ရန်လိုအပ်သော အရင်းအနှီး ချေးယူနိုင်မှုအခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ Member Card သည် ပြည်နယ်၏ MSME လုပ်ငန်းရှင်အဖြစ် အသိသက်သေပင်ဖြစ်ကြောင်း၊ ယခုအခါ အရင်းအနှီးအတွက် ငွေချေးယူနိုင်ရန် MSME ဖွံ့ဖြိုးရေးချေးငွေသာမက ပုဂ္ဂလိကဘဏ် ၁၆ ခုမှလည်း Collateral Type အရ ငွေချေးငှား ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်အား မလွှဲမရှောင်သာ၍ ခေတ္တတာဝန်ယူနေစဉ် ကာလအတွင်း နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အဖြစ် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီဖော်ဆောင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုချမှတ်ထားပြီး အမျိုးသားရေးရည်မှန်းချက်အနေဖြင့်လည်း တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ချမှတ်ဖော်ဆောင်လျက်ရှိကြောင်း၊ ထိုသို့ ဖော်ဆောင်ရာတွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေးဟူသည့် စီးပွားရေးဦးတည်ချက်များကို လက်တွေ့ကျကျ ရေးဆွဲဖော်ဆောင်လျက်ရှိကြောင်း။

**လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိ**

MSME လုပ်ငန်းသည် အမျိုးသားရေးရည်မှန်းချက်နှင့် တိုက်ရိုက်ဆက်စပ်မှုရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းများကို အလေးထား၍ သွားရောက်တွေ့ဆုံမှုများပြုလုပ်ကာ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

**MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ၁၇၀ ဘီလီယံအထိ မတည်ထုတ်ပေးထား**

MSME တွေ့ဆုံမှုများတွင် အများဆုံးတင်ပြလာသည့်လိုအပ်ချက်အဖြစ် အရင်းအနှီးအတွက် ချေးငွေလိုအပ်ချက်၊ နည်းပညာလိုအပ်ချက်၊ ကုန်ကြမ်းလိုအပ်ချက်၊ ဈေးကွက်လိုအပ်ချက်နှင့် စက်ပစ္စည်းကိရိယာ၊ မြေနေရာလိုအပ်ချက်များကို တင်ပြကြသည်ကိုတွေ့ရှိရကြောင်း၊ ယင်းအနက် အရင်းအနှီးလိုအပ်ချက်ကို အများဆုံးတွေ့ရှိရသဖြင့် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၇၀ ဘီလီယံအထိ မတည်ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိပါက Online လျှောက်လွှာဖြင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့ဖြင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း။

နည်းပညာနှင့်ပတ်သက်၍ ကုန်ပစ္စည်းအရည်အသွေးကောင်းမွန်ရန်မှာ လူ့စွမ်းအားအရင်းအမြစ် (HR) ဖွံ့ဖြိုးမှုသည် အဓိကကျကြောင်း၊ ဈေးကွက်မရရှိခြင်းနှင့် ရေရှည်မထိုးဖောက်နိုင်ခြင်းသည် Labour Skill တွင် လိုအပ်ချက်ရှိခြင်းကြောင့် ဖြစ်ကြောင်း၊ ကျွမ်းကျင်လုပ်သားရရှိရေးအတွက် ဝန်ကြီးဌာန ၁၀ ခုတွင် လုပ်ငန်းအလိုက် သင်တန်း ၂၆၀ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ၎င်းသင်တန်းအမျိုးအစားနှင့် ကာလများကို MSME Web portal တွင် တင်ပေးထားရှိပြီး ဒေသအလိုက် MSME အေဂျင်စီများကလည်း အားလုံးသိရှိနိုင်အောင် Awareness လုပ်ပေးနေရန်လိုကြောင်း၊ ကျွမ်းကျင်လုပ်သားရှိမှသာ အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများရရှိမည်ဖြစ်ပြီး ဈေးကွက်အတွင်း ဝယ်လိုအား Demand လည်း ရှိလာမည်ဖြစ်ကြောင်း၊ အလားတူ တစ်နိုင်ငံလုံးရှိ လူငယ်များအတွက် KG+9 အောင်မြင်ပြီး၍ အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာအထက်တန်းနှင့် အဆင့်မြင့်ပညာတက်ရောက်ရန် အခက်အခဲရှိသူများအတွက် ခရိုင် ၅၁ ခုတွင် ကျောင်း ၅၁ ကျောင်းဖွင့်လှစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များကို လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေး သင်ကြားပေးလျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် Certificate ရရှိပြီး လုပ်ငန်းခွင်ဝင်နိုင်သကဲ့သို့ ထူးချွန်ပါကလည်း ၎င်းတို့သင်ယူခဲ့သည့်ဘာသာဖြင့် တက္ကသိုလ်ပညာရေးကို ဆက်လက်သင်ယူနိုင်ကြောင်း။

**ကုန်ချောထုတ်နိုင်ရေးကြိုးပမ်းဆောင်ရွက်**

ကုန်ကြမ်းလိုအပ်ချက်နှင့်ပတ်သက်၍ ဒေသမှထွက်ရှိသည့် ကုန်ကြမ်းကိုသာ အခြေခံ၍ ကုန်ချောထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်သောကုန်ကြမ်းကို ပြည်ပမှဝယ်ယူခြင်းဖြင့် နိုင်ငံခြားငွေကုန်ကျခြင်းနှင့် အခြားသော ကန့်သတ်ချက်များကြုံတွေ့နိုင်ပြီး ရေရှည်ဆောင်ရွက်ရာတွင် အခက်အခဲဖြစ်နိုင်ကြောင်း၊ နိုင်ငံအတွင်း ဒေသအလိုက် ရရှိနိုင်သော ကုန်ကြမ်းများရှိပြီးဖြစ်ကြောင်း၊ ကရင်ပြည်နယ်တွင် ရော်ဘာထွက်ရှိမှုနှင့် နည်းပညာအရ အခြားဒေသများထက် အားသာမှုရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်သကဲ့သို့ ရော်ဘာထွက်ကုန်အား တစ်နိုင်ငံလုံး ယာဉ်အမျိုးမျိုး၏ တာယာများတွင် အသုံးပြုသကဲ့သို့ အခြားလူသုံးကုန်များတွင်လည်း အမြောက်အမြား အသုံးပြုနေသည့် ဈေးကွက်များရှိပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားရန်လိုကြောင်း။

ဈေးကွက်လိုအပ်ချက်အနေဖြင့် MSME အေဂျင်စီများမှတစ်ဆင့် ဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်နေရန်လိုကြောင်း၊ လာမည့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် MSME ထုတ်ကုန်ပြပွဲ ပြိုင်ပွဲများ ပြုလုပ်ပေးရန် စီစဉ်ထားကြောင်း၊ မိမိတို့၏ဒေသအလိုက် ထွက်ရှိသည့် ထုတ်ကုန်များကို အကောင်းဆုံးပြင်ဆင်၍ ပွဲထုတ်သွားရန်လိုကြောင်း၊ *စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

အချို့ကုန်စည်များသည်ပြည်တွင်းတွင်အရည်အသွေးမီ ထုတ်နိုင်သော်လည်း အများစုသည် ကောင်းစွာ မသိကြကြောင်း၊ ဈေးကွက်ရှာဖွေရေးအတွက် ဝန်ကြီးဌာနများမှတစ်ဆင့် ဆက်သွယ်၍ပြပွဲ၊ ပြိုင်ပွဲများပြုလုပ်ကာ Promotion ပြုလုပ်ပေးရန် လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့သည် သီလဝါအထူးစီးပွားရေးဇုန် (SEZ) နှင့် ဆက်သွယ်၍ ပြည်ပဈေးကွက်သို့ ချိတ်ဆက်တင်ပို့နိုင်၍ အချို့ထုတ်ကုန်များ အမှာစာပေးပို့လာသည်ကို တွေ့ရကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် Free Zone နှင့် Promotion Zone ဟူ၍ (၂) ပိုင်းရှိပြီး စီမံခန့်ခွဲမှုကော်မတီနှင့် ဆက်သွယ်၍ မိမိတို့၏ကုန်ပစ္စည်းများကိုတင်ပို့နိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအချင်းချင်း ချိတ်ဆက်၍ သုံးစွဲသူတို့၏ လိုအပ်ချက်များနှင့် အကြိုက်ကို သိရှိရန်လိုပြီး နည်းပညာဖြင့် အရည်အသွေးမီ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ထို့ကြောင့် ဈေးကွက်ရရှိရေး ပြည်နယ်အစိုးရ၊ MSME အေဂျင်စီများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်နေရန် လိုသကဲ့သို့ လုပ်ငန်းရှင်များကလည်း မိမိတို့၏ထုတ်ကုန်များ အရည်အသွေးမြှင့်၊ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန် လိုကြောင်း။

**ငြိမ်းချမ်းရေးအတွက် အမြဲတမ်းတံခါးဖွင့်ထား**

စိုက်ပျိုးရေးတွင် မျိုးရွေးချယ်မှုသည် အရေးကြီးကြောင်း၊ အချို့ဒေသများတွင် ဈေးကောင်းရသည့်မျိုးကို ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးအောင်မြင်နေသည်ကို တွေ့ရကြောင်း၊ ပြည်ပဈေးကွက်တွင် သာမန်ဆန် မက်ထရစ် ၁ တန် ဒေါ်လာ ၃၅၀ မှ ၄၅၀ ကြားခန့်သာရှိချိန်တွင် အမျိုးအစားကောင်းပြီး အရည်အသွေးပြည့်သည့် ဆန်မွှေးသည် ဒေါ်လာ ၁၂၀၀ ခန့် ရရှိနိုင်ကြောင်း၊ ထို့ပြင် စိုက်နည်းစနစ်နှင့်သွင်းအားစုမကွာခြားသော်လည်း မိရိုးဖလာ စိုက်ပျိုးသည့် ပုံစံနှင့် သိပ္ပံနည်းကျကောက္ကဖော်ဆောင်စိုက်ပျိုးမှုသည် အကျိုးကျေးဇူးရရှိမှု များစွာကွာခြားသည်ကို သိရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအောင်မြင်ရန် စုပေါင်းညီညာအောင်ကြောင်းဖြာဆိုသည့်စကားအတိုင်း ပြည်နယ်အစိုးရ၊ MSME အေဂျင်စီနှင့်လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ထို့အပြင် ဒေသအလိုက် တည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးအတွက် အမြဲတမ်းတံခါးဖွင့်ထားပါကြောင်း၊ တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်၍ တင်သွင်းသူ (Importer) အဖြစ်မှ တင်ပို့သူ (Exporter) ဖြစ်အောင် ကြိုးပမ်းသွားရန်လိုကြောင်း၊ လူတစ်ဦးချင်းမှစ၍ အခြေခံကောင်းများဖြင့် မိသားစုအလိုက်၊ မြို့နယ်အလိုက်၊ ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်သည်အထိ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှု ထုတ်ကုန်များစသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ




**နေပြည်တော် ဇန်နဝါရီ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့ မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့တွင် တာဝန်ထမ်းဆောင်နေသော စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဝန်ထမ်းများကို ပြည်နယ်ဦးစီးမှူးရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် မိမိဝန်ကြီးဌာန၏ လုပ်ငန်းစဉ် (၁၅) ရပ်ကို သိရှိနားလည်ပြီး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝီရိယစိုက်ထုတ်၍ မိမိ၏ကိုယ်စွမ်းဉာဏ်စွမ်းကို မြှင့်တင်ဆောင်ရွက်ရန်၊ ပို့ကုန် တိုးမြှင့်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ စွမ်းဆောင်ရည်ကောင်းသောဌာနဖြစ်အောင် ပူးပေါင်းဆောင်ရွက်ရန်နှင့် အဂတိကင်းရှင်းစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပြည်နယ်ဦးစီးမှူးရုံးများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# “(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ” (ဒုတိယနေ့)ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော “(၅၂)ကြိမ်မြောက်မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ” ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)၌ကျင်းပရာ နံနက်ပိုင်းတွင် သုတေသန စာတမ်းရှင်များက အခြေခံ သုတေသနစာတမ်း၊ အသုံးချ သုတေသနစာတမ်း၊ ကျန်းမာရေးစနစ် သုတေသနစာတမ်းစုစုပေါင်း ၁၀ စောင်ကို ဖတ်ကြားတင်ပြကြသည်။




**ဖတ်ကြားတင်သွင်း**

တင်သွင်းခဲ့သော သုတေသနစာတမ်းများမှာ- ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၌ ပလပ်စ်မိုဒီယမ် ဗိုင်းဗက်စ် သာမန်ငှက်ဖျားရောဂါအပေါ် ကလိုရိုကွင်းဆေး၏ အာနိသင်နှင့် လုံခြုံစိတ်ချမှုကို စမ်းသပ်ခြင်း သုတေသနစာတမ်းကို ဒေါက်တာ မိုးကျော်မြင့်က လည်းကောင်း၊ မြန်မာနိုင်ငံ ဝိုင်းမော်မြို့နယ်ရှိ ဗိုင်းဗက်ငှက်ဖျားပိုးများ၏ ဆေးယဉ်ပါးမှုကို မော်လီကျူးနည်းပညာဖြင့် လေ့လာခြင်း (၂၀၂၂) သုတေသနစာတမ်းကို ဒေါက်တာမြတ်ထွဋ်ညွန့်ကလည်းကောင်း၊ မြန်မာ ဆေးယဉ်ပါး တီဘီလူနာများတွင် လင်နီဇိုးလစ်ဆေးပမာဏ နှစ်မျိုး၏ ထိရောက်မှု၊ ဘေးကင်းမှုတို့ကို ခန္ဓာကိုယ်တွင်း ဆေးဝါးကြမ္မာ (Pharmacokinetics)နှင့် ဆေးဝါး၏ခန္ဓာကိုယ်အပေါ် သက်ရောက်မှု (Pharmacodynamics) နည်းလမ်းဖြင့်လေ့လာခြင်း သုတေသနစာတမ်းကို ဒေါက်တာခင်နှင်းပွင့်ကလည်းကောင်း၊ အသက်(၄၀)နှစ်နှင့်အထက် သွေးတိုးဝေဒနာခံစားနေရသော လူနာများအကြား ကျန်းမာရေးဌာန၏ သွေးတိုးရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးဝန်ဆောင်မှုများ သုံးစွဲခြင်းနှင့် ပတ်သက်ပြီး လေ့လာသော သုတေသနစာတမ်းကို ဒေါက်တာမေစံပါယ်စိုး ကလည်းကောင်း၊ ရန်ကုန်မြို့ရှိ ဆေးရုံကြီးများတွင် မွေးကိုက်ခံရသော ကလေးနှင့် ဆယ်ကျော်သက် လူငယ်များတွင် ဖြစ်ပွားလေ့ရှိသော ရောဂါလက္ခဏာများ၊ နောက်ဆက်တွဲပြဿနာများ၊ ရောဂါကုသမှုအခြေအနေများကို လေ့လာခြင်း သုတေသနစာတမ်းကို ဒေါက်တာခင်သန်းရီ ကလည်းကောင်း၊ အသည်းခြောက်ရောဂါ ဖြစ်ပွားသော ကလေးများတွင် အသည်း၏ လုပ်ငန်းဆောင်တာများနှင့် အသည်းမကောင်းခြင်းကြောင့် နောက်ဆက်တွဲဦးနှောက်ထိခိုက်မှုအပေါ် ပရိုဘိုင်အောတစ်ဆေးဝါး၏အကျိုးသက်ရောက်မှုကိုလေ့လာခြင်း သုတေသနစာတမ်းကို ဒေါက်တာသက်နိုင်ထွန်းကလည်းကောင်း၊ ဝေသာရဇ္ဇဆေးပုလဲကလာပ် (တိုင်းရင်းဆေးအမှတ်-၂၃) ၏ရက်တိုအဆိပ်အာနိသင်နှင့် နာကျင်ကိုက်ခဲမှု သက်သာစေသော အာနိသင်အား ခာတ်ခွဲခန်းတိရစ္ဆာန်များအပေါ်တွင် စမ်းသပ်ခြင်းသုတေသနကို ဒေါ်မို့မို့အောင်ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး ဝန်ထမ်းများတွင် သွေးတိုးရောဂါ ဖြစ်ပွားမှုနှင့်ဆိုင်သောအချက်များအား လေ့လာခြင်း သုတေသနစာတမ်းကို ဒေါ်ခင်ယမင်းဟန် ကလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာလအတွင်း သွေးလှူဒါန်းခြင်းနှင့် ပတ်သက်၍ သိမြင်နားလည်သဘောပေါက်မှုနှင့် အလေ့အကျင့်များအား လေ့လာဆန်းစစ်ခြင်းနှင့် သွေးဘဏ်လုပ်ငန်းများ ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲ စိန်ခေါ်မှုများကို အရည်အသွေးစံထား လေ့လာဆန်းစစ်ခြင်း သုတေသန (အမျိုးသားသွေးဌာန၊ ရန်ကုန်) ၌ လေ့လာတွေ့ရှိချက် သုတေသနကို ဒေါက်တာ ရန်လင်းမောင် ကလည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) (ရန်ကုန်) နှင့် အထွေထွေရောဂါကု ဆေးရုံသစ်ကြီး (ရန်ကုန်) တို့ရှိ ခာတ်ခွဲဌာနများ၏ ခာတ်ခွဲစစ်ဆေးမှုလုပ်ငန်းများတွင် လူနာဘေးကင်းလုံခြုံမှုအစဉ်အလာအား ဆန်းစစ်ခြင်း (၂၀၂၀-၂၀၂၁) သုတေသနစာတမ်းကို ဒေါက်တာအောင်ဝေဖြိုးကလည်းကောင်း ဖတ်ကြားတင်သွင်းခဲ့ကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေး အကြံပြုခဲ့ကြသည်။

နံနက်ပိုင်း သဘာပတိများအဖြစ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်း၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေးနှင့် ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မို့မို့ထွန်းတို့က ဆောင်ရွက်ခဲ့ကြပြီး စာတမ်းဖတ်ပွဲသို့ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ သုတေသီများနှင့် စာတမ်းရှင်များ ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် “မကူးစက်တတ်သော ရောဂါများအား ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် ရှေ့ဆက်လက် ဆောင်ရွက်သင့်သည့်လုပ်ငန်းများဆိုင်ရာ ဆွေးနွေးခြင်း - Non - Communicable Diseases: Prevention, Promoting Control and the Way Forward” ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကျင်းပရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်းနှင့် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်းတို့က သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

**ဆွေးနွေးအကြံပြု**

ထို့ပြင် ရုရှားသိပ္ပံပညာဆိုင်ရာအကယ်ဒမီအဖွဲ့ဝင် ကင်ဆာရောဂါပါရဂူ ပါမောက္ခ Vladimir Moiseenko က ကင်ဆာရောဂါများအတွက် နောက်ဆုံးပေါ်ကုထုံးအကြောင်းကို Online မှတစ်ဆင့် ပါဝင်ဆွေးနွေးသည်။ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ သုတေသီများ ၁၅၀ ခန့် တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေး အကြံပြုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကရင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၃

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ကရင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။** (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်းများသည် ပြည်နယ်အတွင်းရှိ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ စနစ်တကျရှိစေရေးတို့အတွက် စစ်ဆေးကြပ်မတ်ထိန်းကျောင်းသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် စနစ်တကျရှိစေရေးတို့အတွက် စက်မှုလုပ်ငန်းများကို အမြဲမပြတ် စောင့်ကြည့်ကြပ်မတ်စစ်ဆေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် လျှပ်စစ်အန္တရာယ်ကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက်လည်း စနစ်တကျစစ်ဆေးရန်နှင့် အသိပညာပေးရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘွိုင်လာများကို ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် စွမ်းအားပြည့် အသုံးပြုနိုင်ရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရန်အတွက် စနစ်တကျစစ်ဆေးပေးရမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းများမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြရန်နှင့် တွေ့ကြုံနေသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် စုပေါင်းအားဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေး၍ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘားအံစက်မှုဇုန်ရှိ ကျော်-၃ ပလတ်စတစ် ရေတိုင်ကီစက်ရုံနှင့် သဘာဝကျောက်မှုန့် မြေသြဇာစက်ရုံတို့ကို လှည့်လည်အားပေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ လူငယ်စကားဝိုင်းနှင့် လူငယ်လေ့လာရေးခရီးစဉ် (၁/၂၀၂၄)အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနမှကြီးမှူးကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များ လူငယ်စကားဝိုင်းနှင့် လူငယ်လေ့လာရေးခရီးစဉ် (၁/၂၀၂၄) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B)၌ ကျင်းပသည်။







ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လူငယ်ရေးရာဦးစီးဌာနအနေဖြင့် လူသားအရင်းအမြစ်များဖြစ်သည့် လူငယ်များ ဒေသန္တရ ဗဟုသုတရရှိစေရေး၊ အဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်စေရေး၊ လူငယ်များအကြား ခေတ်မီနည်းပညာများနှင့် အတွေ့အကြုံ ဗဟုသုတများ ဖလှယ်နိုင်စေရေး၊ အားကစားလှုပ်ရှားမှုများကို စိတ်ပါဝင်စားလာစေရေးတို့အတွက်ရည်ရွယ်၍ လူငယ်လေ့လာရေး ခရီးစဉ်ကို ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း သုံးကြိမ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယနေ့ လူငယ်လေ့လာရေး ခရီးစဉ်တွင် တက္ကသိုလ် ကျောင်းများနှင့် ကောလိပ်များမှ ကျောင်းသားကျောင်းသူ လူငယ်များပါဝင်သည့် လူငယ်စကားဝိုင်းနှင့် လူငယ်လေ့လာရေးခရီးစဉ်ကို စတုတ္ထအကြိမ် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

ယခုလေ့လာရေး ခရီးစဉ်သို့ လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ပတ်ဝန်းကျင် အသစ်တစ်ရပ်နှင့် ထိတွေ့ရမှုကြောင့် စိတ်ကို လန်းဆန်းစေနိုင်ပြီး ဖန်တီးမှုအားကောင်းအောင်အကောင်းဆုံး ထောက်ပံ့ပေးနိုင်မည် ဖြစ်သည့်အတွက် လေ့လာမှတ်သားသင့်သည်တို့ကို အကျိုးရှိစွာ လေ့လာသင်ယူမှတ်သားပြီး ယနေ့စကားဝိုင်း၏ ဆောင်ပုဒ်ဖြစ်သည့် **"နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ နည်းပညာများ မျှဝေစို့"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်သည့်အခါ လူငယ်များအနေဖြင့် မိမိတို့စိတ်ပါဝင်စားသည့်၊ သင်ယူထားသည့် နည်းပညာများကို စကားဝိုင်းတွင် မျှဝေရင်း နိုင်ငံ့အကျိုးကို တစ်ဖက်တစ်လမ်းမှ သယ်ပိုးထမ်းဆောင်နိုင်ကြသည့် လူငယ်မောင်မယ်များ ဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ **"နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့နည်းပညာများမျှဝေစို့"** ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း အစီအစဉ်ကိုကျင်းပပြီး လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သူများကို မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ဒုတိယပိုင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ Fitness Dance အဖွဲ့က သရုပ်ပြကပြဖျော်ဖြေခြင်းနှင့် လူငယ်များစုပေါင်း Games ကစားခြင်းများ ဆောင်ရွက်ကြပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာ့အားကစား လှုပ်ရှားမှုပြခန်းများတွင် မြန်မာနိုင်ငံ၏ အစဉ်အဆက်အားကစား အောင်မြင်ခဲ့မှုများ၊ မြန်မာ့ ဂုဏ်ဆောင်နိုင်ခဲ့သည့် ထင်ရှားသည့် အားကစားသမားများ၏ ပုံတူရုပ်တုများကို ပြသထားသည့် ပြခန်းများအား လေ့လာခြင်းနှင့် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းအား လေ့လာခြင်းများ ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြဝတီမြို့၌ ခရိုင်အဆင့်ဘက်စုံပညာထူးချွန်ဆု ချီးမြှင့်

**မြဝတီ ဇန်နဝါရီ ၂၃**

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ခရိုင်အဆင့် ပညာရေးစုံညီပွဲတော်နှင့်ဘက်စုံပညာထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်က ပညာရွှေဖူးကိုယ်ပိုင်မူလတန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦးက နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ကျောင်းသား ကျောင်းသူများ ဘက်စုံပညာ ထူးချွန်ထက်မြက်နေစေရန် မိဘ၊ ဆရာ ပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးက နေပြည်တော် (ဗဟိုအဆင့်) ကာယ၊ ဉာဏ ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်းက ခရိုင်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ များတွင် ဆုရရှိသည့်အသင်းများကိုလည်းကောင်း ဆုများ ပေးအပ် ချီးမြှင့်ပေးသည်။ (ဝဲပုံ)

**ဇာဖြူဝင်း(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

**ကျိုက်ထို ဇန်နဝါရီ ၂၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အခြေခံပညာမူလတန်း (လွန်)ဘူတာကျောင်း၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့်ဘက်စုံပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းဝင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြမြမိုး၊ မြို့နယ် ပညာရေးမှူး ဦးမောင်ညိုနှင့် မူလွန်(ကံ့ကော်)ကျောင်းမှ အုပ်စုမှူး ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမွန်တို့က အမှာစကားပြောကြားကာ ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်ကို မူလတန်း (လွန်)ဘူတာကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာအေးက ရှင်းလင်းပြောကြားသည်။

ထို့နောက် နေ့ထူးနေ့မြတ်များတွင် ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်၍ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြမြမိုးနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

**တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား**
**ပြည်ထောင်စုသား သွေးချင်းများ**

# ပြည်ထောင်စုဝန်ကြီးများ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၂၃

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံများ၌ အားကစားနည်းများအလိုက် ဆက်လက်ကျင်းပလျက်ရှိသည်။**





ယနေ့နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့သည် ဝဏ္ဏသိဒ္ဓိအားကစား ကွင်း (C) ရုံတွင် ကြက်တောင် ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှု **(အပေါ်ယာပုံ)** နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများသည် (A) ရုံတွင် စားပွဲတင်တင်းနစ် ယှဉ်ပြိုင်ကစားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲများအပြီးတွင် ကျောင်းသား အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အမှတ် (၃) ၌ အုပ်စု(ဃ) ပွဲစဉ်ဖြစ်သော ရန်ကုန်အရှေ့ပိုင်းဇုန်နှင့် တောင်ကြီးဇုန်မှ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ယင်းပွဲစဉ်တွင် တောင်ကြီးဇုန်က ရန်ကုန်အရှေ့ပိုင်းဇုန်ကို ခြောက်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသည်။

ညနေပိုင်းတွင် ကွင်းအမှတ် (၁) တွင် အုပ်စု (က) ပွဲစဉ်ဖြစ်သော ရန်ကုန် အနောက်ပိုင်းဇုန်နှင့် ဘားအံဇုန်တို့ ယှဉ်ပြိုင်ကစားကြရာ ဘားအံဇုန်က ရန်ကုန်အနောက်ပိုင်းဇုန်ကို လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ကွင်းအမှတ် (၃) တွင် အုပ်စု(က) ပွဲစဉ်ဖြစ်သော ပုသိမ်ဇုန်နှင့် ပြည်ဇုန်တို့ ယှဉ်ပြိုင်နေမှုများကို ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ အုပ်ချုပ်သူ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ ကြည့်ရှုအားပေးသည်။ အဆိုပါ ပြိုင်ပွဲတွင် ပုသိမ်ဇုန်နှင့် ပြည်ဇုန်တို့ အကြိတ်အနယ်ကစားကြရာ တစ်ဂိုးစီ သရေပွဲဖြစ်သည်။ ပွဲစဉ်အပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ က အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကောင်စီနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများကို တန်ဖိုးသင့်စားသောက်ကုန်များနှင့် တန်ဖိုးသင့် ထမင်းဟင်းလျာများ ရောင်းချပေးနေမှု ကြည့်ရှုအားပေး



**နေပြည်တော် ဇန်နဝါရီ ၂၃**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီရုံးဝင်း၌ နေပြည်တော် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများအတွက် ဝန်ထမ်းများ သက်သာချောင်ချိရေး တန်ဖိုးသင့် ထမင်းဆိုင်မှ ထမင်းနှင့် ဟင်းလျာများ ရောင်းချပေးနေမှုနှင့် ဝန်ထမ်းများ ဈေးနှုန်းသက်သာစွာ ဝယ်ယူ စားသုံးနိုင်ရေးအတွက် ဆန်၊ ဆီ၊ ကြက်သား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ ဟင်းသီးဟင်းရွက်များနှင့် နေပြည်တော် MSME ထုတ်ကုန်များကို သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးနေမှုနှင့် ဝန်ထမ်းများ ဝယ်ယူနေမှုများကို ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

အဆိုပါ စားသောက်ကုန်များ ရောင်းချရာတွင် ဒေသထွက် ဆန်၊ ကြက်သား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ ဟင်းသီးဟင်းရွက် စသည့် အခြေခံစားသောက်ကုန်များနှင့် နေပြည်တော် MSME ထုတ်ကုန်များကို ပြင်ပပေါက်ဈေးထက် သက်သာသဖြင့် ဝန်ထမ်းများ ဝယ်ယူမှုများပြားကြောင်း၊ ဆက်လက်၍ နေပြည်တော် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် အခြေခံစားသောက်ကုန်များကို သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘားအံတက္ကသိုလ်၌ ကြက်တောင်ရိုက်အားကစားပြိုင်ပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၂၃**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ကြက်တောင်ရိုက်အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၂၂ ရက်က အဆိုပါတက္ကသိုလ် မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ဦးစွာ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်-စီမံ ဒေါက်တာခင်မိုးမိုးက ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တ ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် အားကစားပြိုင်ပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပထမနေ့ပွဲစဉ်အဖြစ် အမျိုးသားကြက်တောင်ရိုက်ပြိုင်ပွဲတွင် သင်္ချာအသင်းနှင့် ရူပဗေဒအသင်း၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပထဝီဝင်အသင်းနှင့် သတ္တဗေဒအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြကာ အဆိုပါဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ကြက်တောင်ရိုက်အားကစားပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အသင်း ၁၁ သင်း၊ ပြိုင်ပွဲဝင်အားကစားသမား ၁၁၅ ဦးတို့ဖြင့် ဇန်နဝါရီ ၂၂ ရက်မှ ၂၅ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးတင်အောင် အောင်ချမ်းသာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ အောင်ချမ်းသာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ဦးစွာကော်မရှင် အဖွဲ့ဝင်နှင့် အဖွဲ့သည် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းကို ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံ၍ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိ၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်သည်။

ယင်းနောက် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ သန့်ရှင်းသော သောက်ရေရရှိမှု၊ သုံးရေကန်များ၊ မိသားစုတွေ့ဆုံနိုင်မှု အခြေအနေနှင့် အတွင်း/အပြင် မိလ္လာများသန့်ရှင်းမှု ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ အုပ် ၅၀ ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ အောင်ချမ်းသာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း တာဝန်ခံအရာရှိက လက်ခံရယူသည်။

ယင်းအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားရေးစိတ်ဓာတ်များဖြင့် ပေါ်ပေါက်လာမည့် နိုင်ငံရေးပါတီများ

မောင်ရွှေရိုး

နိုင်ငံအသီးသီး၏ နိုင်ငံရေးပါတီများသည် မိမိနိုင်ငံ၏ သမိုင်းကြောင်းနောက်ခံနှင့် ပထဝီနိုင်ငံရေးတို့အပေါ်အခြေခံ၍ ခိုင်မာသောမူဝါဒများဖြင့် အင်အားတောင့်တင်းအောင် တည်ဆောက်ပြီး ပြည်သူလူထုအကျိုးစီးပွားအတွက် ဖော်ဆောင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ကုလသမဂ္ဂအဖွဲ့ဝင်မဟုတ်သော နိုင်ငံပေါင်း ၂၆၅ နိုင်ငံရှိပြီး ပါတီစုံစနစ်ကျင့်သုံးသော နိုင်ငံများမှာ ၁၂၃ နိုင်ငံ၊ အင်အားကြီးပါတီတချို့ကသာ လွှမ်းမိုးထားသော ပါတီစုံစနစ်ကျင့်သုံးသည့်နိုင်ငံများ ၅၁ နိုင်ငံ၊ အင်အားကြီးပါတီ နှစ်ခုမှ ဦးဆောင်သော ပါတီနိုင်ငံရေးစနစ်ကျင့်သုံးသည့် နိုင်ငံ ၃၉ နိုင်ငံ၊ ပါတီတစ်ခုတည်းမှ ဦးဆောင်သော နိုင်ငံရေးပါတီစနစ် ကျင့်သုံးသည့်နိုင်ငံ ကိုးနိုင်ငံ၊ ပါတီများဖွဲ့စည်းထူထောင်ထားခြင်းမရှိသောနိုင်ငံ ၂၀ နိုင်ငံနှင့် စစ်ဘက်မှအုပ်စိုးသောနိုင်ငံများ ခြောက်နိုင်ငံ၊ အကြွင်းမဲ့ဘုရင်စနစ် ကျင့်သုံးသောနိုင်ငံ နှစ်နိုင်ငံတို့ဖြစ်ကြသည်။ မည်သည့်စနစ်ကို ကျင့်သုံးကြသည်ဖြစ်စေ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို နိုင်ငံရေးပါတီများ၊ အုပ်ချုပ်သူများက ကာကွယ်စောင့်ရှောက်ကြရသည်သာဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် နိုင်ငံရေးပါတီအမျိုးအစားသုံးမျိုးရှိပြီး နိုင်ငံအဆင့် အသိအမှတ်ပြုပါတီ ခုနစ်ပါတီ၊ ပြည်နယ်အဆင့်အသိအမှတ်ပြုပါတီ ၄၉ ပါတီနှင့် အသိအမှတ်ပြုမခံရသေးသည့် ပါတီများဟူ၍ဖြစ်သည်။ နိုင်ငံအဆင့်ပါတီများသည် နိုင်ငံတစ်ဝန်းလုံးတွင် ကိုယ်စားလှယ်နေရာများရရှိထားပြီး ပြည်နယ်ကြီး သုံးပြည်နယ်၌ အောက်လွှတ်တော်တွင် နေရာစုစုပေါင်း လေးနေရာ (နှစ်ရာခိုင်နှုန်း) အနိုင်ရရှိရမည်။ နောက်ဆုံးကျင်းပခဲ့သည့် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲများတွင် ထောက်ခံမဲ ခြောက်ရာခိုင်နှုန်းရရှိရမည်။ အနည်းဆုံးပြည်နယ် လေးပြည်နယ်တွင် ပြည်နယ်အဆင့်ပါတီအဖြစ် အသိအမှတ်ပြုခြင်းခံရမည်ဖြစ်သည်။ ပြည်နယ်အဆင့် ပါတီများသည် အောက်လွှတ်တော် ၂၅ နေရာအနက် တစ်နေရာရှိပြီး ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲ စုစုပေါင်းနေရာ၏ နှစ်နေရာ (သုံးရာခိုင်နှုန်း) အနိုင်ရရှိရမည်။ ထောက်ခံမဲအနည်းဆုံး ခြောက်ရာခိုင်နှုန်းရှိရမည်။ အထွေထွေရွေးကောက်ပွဲတွင် အောက်လွှတ်တော်ကိုယ်စားလှယ်နေရာနှင့် ပြည်နယ်ဥပဒေပြုလွှတ်တော်နေရာ မရှိခဲ့လျှင် ယင်းပြည်နယ်၏ စုစုပေါင်းဆန္ဒမဲ ရှစ်ရာခိုင်နှုန်းရရှိရမည်ဖြစ်သည်။

> ❖ **CPP ပါတီသည် ၄၄ နှစ် ကျော်ကာလအတွင်း ပြည်သူများထံမှ ဆက်လက် ယုံကြည်မှုရရှိနေခြင်းမှာ ပါတီခေါင်းဆောင်သူတို့သည် အာဏာရှိသည့်အခါ ပန်းတိုင်သုံးခုအပေါ် အလေးထား ဆောင်ရွက်ခဲ့သည့်အတွက် ဖြစ်သည်။ ပါတီ၏ ပန်းတိုင်သုံးခုမှာ "နိုင်ငံအစွန့်ရှည်တည်တံ့ရေးနှင့် ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေး (Life)၊ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် ပြည်သူများ၏ဘဝ ပြည့်စုံမှုရရှိစေရေး (Stomach)၊ ပြည်သူများအား အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိသည့်နိုင်ငံ ဖြစ်လာစေရေးနှင့် နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး (Face)" တို့ဖြစ်**

## အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံတွင် အာဏာရနိုင်ငံရေးပါတီမှာ The Bharatiya Janata Party (BJP) ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ် ဧပြီ ၆ ရက်နေ့တွင် BJP ပါတီကို တည်ထောင်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် တည်ထောင်ခဲ့သော Bharatiya Jana Sangh ပါတီမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး Janata ပါတီကဲ့သို့သော အခြားနိုင်ငံရေးပါတီများနှင့် ပေါင်းစည်းခဲ့သည်။ ဟိန္ဒူမူဝါဒနှင့် ကွန်ဆာဗေးတစ်မူဝါဒများကြောင့် လူသိများခြင်းဖြစ်သည်။ Hindutva သည် ပါတီ၏နိုင်ငံရေးသဘောတရား အခြေခံအုတ်မြစ်ဖြစ်သည်။ ပါတီခေါင်းဆောင်များအနက် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သည့် Atal Bihari Vajpayee နှင့် Narendra Modi တို့ဖြစ်သည်။ ပါတီသည် အမျိုးသားမူဝါဒနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးတိုးတက်မှု၊ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်မှု၊ ခိုင်မာသောနိုင်ငံတော်ကာကွယ်ရေးတို့ကို အဓိကအလေးထားသည်။ ပါတီ၏ဦးတည်ချက်မှာ စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးဖြစ်သည်။ BJP ပါတီသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကျဆင်းချိန် ၂၀၁၄ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။ ပါတီခေါင်းဆောင် Narendra Modi သည် လူမှန်၊ နေရာမှန်၊ အချိန်မှန် (The right man, in the right place, at the right time) ကို ဖော်ဆောင်ခဲ့သည်။ ယင်းသည် Gujarat ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ဆယ်စုနှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်ရုံမက ရင်းနှီးမြှုပ်နှံမှုအချက်အချာနေရာအဖြစ် ဖော်ဆောင်ပေးနိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှစတင်ပြီး Narendra Modi သည် Gujarat ပြည်နယ်တွင် ဆောင်ရွက်ခဲ့သည့်အတိုင်း အိန္ဒိယနိုင်ငံကို ဖော်ဆောင်နိုင်ခဲ့သည်။ ယနေ့အချိန်တွင် BJP ပါတီနှင့်မိတ်ဖက်များသည် အိန္ဒိယနိုင်ငံ ဗဟိုအစိုးရနှင့် ပြည်နယ် ၂၈ ပြည်နယ်အနက် ပြည်နယ် ၂၀ တွင် အစိုးရဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

## စင်ကာပူနိုင်ငံ

စင်ကာပူနိုင်ငံသည် ပါတီစုံစနစ်ကိုကျင့်သုံးပြီး ပါတီအရေအတွက် ၂၀ ကျော်ခန့် မှတ်ပုံတင်ထားသည်။ ဝန်ကြီးချုပ် လီကွမ်ယု ခေါင်းဆောင်သည့် People Action Party (PAP) ပါတီသည် ၁၉၅၉ ခုနှစ်မှစ၍ ရွေးကောက်ပွဲများတွင်အနိုင်ရရှိပြီး အစိုးရဖွဲ့စည်းနိုင်ခဲ့သည့် တစ်ခုတည်းသောပါတီဖြစ်သည်။ PAP ပါတီသည် ဤမျှအချိန်ကြာကြာ ရွေးကောက်ပွဲအောင်မြင်ရခြင်းမှာ (၁)အစိုးရမှ ပြည်သူလူထုအတွက် Delivering Good လုပ်ပေးနိုင်ခြင်း၊ (၂)စင်ကာပူအစိုးရသည် အောက်ခြေအထိ ပါတီယန္တရားတည်ဆောက်နိုင်ခြင်း (Grass Root Political Mechinery) တို့ကြောင့်ဖြစ်သည်။ အခြေခံအားဖြင့် (၁)အလုပ်အကိုင်ကောင်းရှာဖွေပေးနိုင်သည်၊ (၂)ကျောင်းကောင်းကောင်းတည်ဆောက်နိုင်သည်၊ (၃) နေစရာနှင့်အခြားလိုအပ်သော Social Service များပေးစွမ်းနိုင်သည်။ PAP ပါတီသည် ပြည်သူလူထုအဖွဲ့အစည်း (People Association)၊ လူမှုရေးအသင်းအဖွဲ့များ (Community Development)၊ အလုပ်သမားသမဂ္ဂ (National Trade Union Congress –NTUC) တို့ကို ဖွဲ့စည်းဆောင်ရွက်၍ PAP ပါတီက စိုးမိုးထားနိုင်သည်။ PAP ပါတီသည် ပါတီ၏ ဘယ်တောင်ပံ၊ ညာတောင်ပံစည်းရုံးရေးအဖြစ် ( Young PAP and PAP Women Wing ) လူငယ်စည်းရုံးရေးနှင့် အမျိုးသမီးထုခိုင်မာစွာစည်းရုံးခြင်းဖြင့် လျော်ညီသောအဖွဲ့အစည်းများကို စနစ်တကျဖွဲ့စည်းနိုင်သည်။ ပါတီအထွေထွေအတွင်းရေးမှူး ဂိုချုပ်တောင် (Goh Chok Tong ) လက်ထက်တွင် အသက် ၁၇ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်များကို Young PAP အဖြစ် စတင်ထူထောင်၍ ၁၉၈၆ ခုနှစ်တွင် လူငယ်စည်းရုံးရေးကို အဓိကစတင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် လွှတ်တော်အမတ် ၈၁ ဦးအနက် ၂၀ ရာခိုင်နှုန်းမှာ လူငယ် PAP ပါတီဝင်များ ဖြစ်လာခဲ့သည်။ PAP ပါတီသည် ပါတီထိပ်ပိုင်းခေါင်းဆောင်များအနေဖြင့် အသက်အရွယ်ကြီးရင့်သူများနေရာတွင် လူငယ် Technocrats များကို အစားထိုးဆောင်ရွက်ခြင်း၊ အစိုးရအဖွဲ့ဝန်ကြီးများနေရာတွင် မျိုးဆက်သစ်များကို မွေးထုတ်အစားထိုးဆောင်ရွက်ခြင်းဖြင့် သွေးသစ်လောင်းခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များရွေးချယ်ရာတွင် အဆင့်လိုက်ရွေးချယ်သည်။ တာဝန်ပေးမှု အကြီး၊ အသေးအလိုက် စိစစ်သည်။ ဝန်ကြီးအဖြစ် တာဝန်ပေးလိုပါက စိတ်ကျန်းမာရေးစစ်ဆေးသည်အထိ ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒနယ်များတွင် လက်တွေ့နိုင်ငံရေးလုပ်ကိုင်နိုင်ရန် အောက်ခြေလူထုနှင့်ရင်းနှီးသည်အထိ ကွင်းဆင်းဆောင်ရွက်စေသည်။ စင်ကာပူပြည်သူလူထုသည် နိုင်ငံတည်ငြိမ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကောင်းမွန်သော လူမှုဘဝနှင့် ကောင်းမွန်သော လူ့အဖွဲ့အစည်း (Good Life and Good Society) ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ စင်ကာပူနိုင်ငံတွင် ကောင်းမွန်သောလူနေမှုဘဝနှင့် တိုးတက်ကောင်းမွန်သော လူ့အဖွဲ့အစည်းကို ဖြည့်ဆည်းပေးနိုင်သည့် People Action Party (PAP) ပါတီကို ပြည်သူလူထုက ဆက်လက်ထောက်ခံနေခဲ့သည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် တစ်ပါတီစနစ်ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ တရုတ်ကွန်မြူနစ်ပါတီ (Chinese Communist Party – CCP ) သည် တစ်ခုတည်းသော အာဏာရပါတီဖြစ်သည်။ ၁၉၂၁ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် နှစ်(၁၀၀) ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ပါတီခေါင်းဆောင်မှုနှင့် နိုင်ငံ့ခေါင်းဆောင်များ အကြိမ်ကြိမ်ပြောင်းလဲခဲ့ပြီး ပြည်တွင်းစစ်၊ အင်တ်ဘေး၊ ယဉ်ကျေးမှုတော်လှန်ရေး၊ လူတန်းစားပဋိပက္ခ၊ တီယန်မင်ရင်ပြင်ကဲ့သို့ ဒီမိုကရေစီလှုပ်ရှားမှုများကြားက တရုတ်ကွန်မြူနစ်ပါတီသည် နိုင်ငံရေးဦးဆောင်မှုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ၁၉၄၉ ခုနှစ် မော်စီတုန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်ချိန်မှစ၍ နိုင်ငံ၏စီးပွားရေး အရှိန်အဟုန်ဖြင့်တိုးတက်လာခြင်းနှင့်အတူ အင်အားကြီးနိုင်ငံအဖြစ်သို့ ရောက်ရှိနိုင်ရန် ဦးဆောင်မှုပြုနိုင်ခဲ့သည်။

လူဦးရေ သန်းတစ်ထောင့်လေးရာကျော် အင်အားရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပါတီဝင်သန်း ၉၀ ကျော်သာရှိသည့် တရုတ်ကွန်မြူနစ်ပါတီက နိုင်ငံတော်အာဏာကိုရယူနိုင်ခဲ့ခြင်း၏ အဓိကအကြောင်းအရင်းမှာ စီးပွားရေးဖော်ဆောင်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ လူတစ်ဦးချင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၁၉၈၀ ပြည့်နှစ်က အမေရိကန်ဒေါ်လာ ၂၀၀ ပတ်ဝန်းကျင်ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကျော်အထိ တိုးတက်လာခဲ့သည်။ လူဦးရေ သန်း ၇၇၀ ကျော်ကို ဆင်းရဲတွင်းကလွတ်မြောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ နိုင်ငံတစ်ဝန်း ဆယ်စုနှစ်အနည်းငယ်တွင် ဖွံ့ဖြိုးတိုးတက်မှုများ အလျင်အမြန်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မြေအောက်ရထား၊ ကျည်ဆန်ရထား၊ မိုးပျံလမ်း၊ ခေတ်မီဟိုတယ်၊ နေအိမ်အဆောက်အအုံများနှင့် ကမ္ဘာ့အဆင့်မီလေဆိပ်များ စသည့်စီးပွားရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ၊ ကမ္ဘာတစ်ဝန်း ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝနှင့် လူနေမှုအဆင့်အတန်းမြှင့်တင်ပေးနိုင်ခြင်းသည် ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုကို ပိုမိုခိုင်မာလာစေခဲ့သည်။

## ကမ္ဘောဒီးယားနိုင်ငံ

ကမ္ဘောဒီးယားနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး အခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း ပါတီငယ်များကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုထားသည်။ လက်ရှိနိုင်ငံရေးပါတီကိုးပါတီရှိပြီး လူနည်းစုနိုင်ငံရေးပါတီငယ်များအနေဖြင့် ၁၉ ပါတီရှိသည်။ ကမ္ဘောဒီးယားပြည်သူ့ပါတီ ( Cambodia People's Party – CPP) သည် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၃ ရက်နေ့ ရွေးကောက်ပွဲ၌ လွှတ်တော်ကိုယ်စားလှယ် ၁၂၅ နေရာတွင် ၁၂၀ နေရာအနိုင်ရရှိခဲ့ပြီး မဲဆန္ဒရှင် ၉ ဒသမ ၇ သန်းတွင် ၈ ဒသမ ၁ သန်း ထောက်ခံအားပေးမှုရရှိခဲ့သဖြင့် ၈၄ ဒသမ ၅၈ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ၁၉၇၉ ခုနှစ်ကတည်းက ယနေ့အထိ အာဏာရရှိခဲ့ပြီး နိုင်ငံကိုအုပ်ချုပ်နိုင်ခဲ့သည့် ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး အာဏာရနိုင်ငံရေးပါတီတစ်ခုဖြစ်သည်။ Cambodia People's Party – CPP ကို ၁၉၅၁ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ကမ်ပူချီယမ်ပြည်သူ့တော်လှန်ရေးပါတီဟု အမည်တွင်ခဲ့သောပါတီဖြစ်သည်။ ၁၉၈၉ – ၁၉၉၁ ခုနှစ်တွင် ကမ္ဘောဒီးယားပြည်သူ့သမ္မတနိုင်ငံဟု အမည်ပြောင်းလဲခဲ့ခြင်းနှင့်အတူ ပါတီအမည်အား ကမ္ဘောဒီးယားပြည်သူ့ပါတီ ( Cambodia People's Party– CPP) အဖြစ် ပြောင်းလဲခဲ့သည်။ CPP ပါတီသည် ၂၀၁၆ ခုနှစ်၌ ကမ္ဘောဒီးယားနိုင်ငံကို အလယ်အလတ်စီးပွားရေးစနစ်သို့ ကူးပြောင်းခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ဝင်ငွေပိုများသော အလယ်အလတ်စီးပွားရေးအဆင့် ကူးပြောင်းရန် ရည်မှန်းချက်ထားရှိသည်။ အရင်းရှင်စနစ်နှင့် ကွန်မြူနစ်စနစ်များအကြား အလယ်အလတ်စနစ်ကျင့်သုံးပြီး ဈေးကွက်စီးပွားရေးစနစ်၏ အခြေခံမူများနှင့် စံနှုန်းများ၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး၊ ဗုဒ္ဓဘာသာအယူဝါဒများကို အလေးထားခဲ့သည်။ ပါတီခေါင်းဆောင် Hunsan သည် ပါတီအားကောင်းစွာဦးဆောင်နိုင်ခဲ့သည်။ ပါတီသည် လက်ရှိကာလ၌ အမြဲတမ်းကော်မတီဝင် ၃၄ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ CPP ပါတီသည် ၄၄ နှစ်ကျော်ကာလအတွင်း ပြည်သူများထံမှ ဆက်လက်ယုံကြည်မှုရရှိနေခြင်းမှာ ပါတီခေါင်းဆောင်သူတို့သည် အာဏာရှိသည့်အခါ ပန်းတိုင်သုံးခုအပေါ် အလေးထားဆောင်ရွက်ခဲ့သည့်အတွက် ဖြစ်သည်။ ပါတီ၏ ပန်းတိုင်သုံးခုမှာ "နိုင်ငံအစွန့်ရှည်တည်တံ့ရေးနှင့် ပြည်သူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေး (Life)၊ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် ပြည်သူများ၏ဘဝ ပြည့်စုံမှုရရှိစေရေး (Stomach)၊ ပြည်သူများအား အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိသည့်နိုင်ငံ ဖြစ်လာစေရေးနှင့် နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေး (Face)" တို့ဖြစ်ပါသည်။ နိုင်ငံအတွင်း သင့်လျော်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် လူနေမှုဘဝမြင့်မားစေရန် ဆောင်ရွက်ပေးခဲ့သည်။ ပြည်သူများအား ကိုဗစ်–၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ကယ်ဆယ်ရေးနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများအပြင် ရောဂါဖြစ်ပွားပြီးနောက် နိုင်ငံ့စီးပွားရေး ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင်လည်း ကောင်းစွာဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် CPP ပါတီသည် ပြည်သူများ၏ ယုံကြည်ကိုးစားအားပေးမှုများဖြင့် နှစ်ပေါင်း ၄၄ နှစ်ကျော်တိုင်အောင် အောင်မြင်မှုများရရှိခဲ့သည့်ပါတီတစ်ခုဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက်မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ



မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံးလုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့် ရှိသည်။

**ခုနှစ်ချက်ကိုက်ညီသောဆင်ဖြူတော်**

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

**သင်ကြားပေးလျက်ရှိ**

ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် တစ်နှစ် ခြောက်လသားအရွယ်တွင် အရပ်အမြင့် လေးပေ သုညလက်မ ကိုယ်လုံးလုံးပတ် ခြောက်ပေ ငါးလက်မ၊ ကိုယ်အလေးချိန် ၁၀၈၉ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။


**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်အင်းနှင့် တံတားဦးမြို့နယ် ပြူကန်တို့ကို အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းရှိ ငှက်ပျံသန်းကွန်ရက်နယ်မြေများအဖြစ် အတည်ပြုသတ်မှတ်

**နေပြည်တော် ဇန်နဝါရီ ၂၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အင်ချွန်းမြို့ ကိုရီးယားသမ္မတနိုင်ငံ၌ အခြေစိုက်သည့် အရှေ့အာရှ - ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းမိတ်ဖက်အဖွဲ့အစည်း (East Asian–Australian Flyway Partnership–EAAFP) တို့ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ ပလိပ်အင်း (၂၀၂၃ ခုနှစ်၊ EAAF 154) နှင့် တံတားဦးမြို့နယ်ရှိ ပြူကန် (၂၀၂၃ ခုနှစ်၊ EAAF 155) တို့ကို မြန်မာနိုင်ငံ၏ သတ္တမမြောက်နှင့် အဋ္ဌမမြောက် ငှက်ပျံသန်းကွန်ရက်နယ်မြေများအဖြစ် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် သတ်မှတ်ကြောင်း ကြေညာခဲ့သည်။

ပလိပ်အင်းသည် ဧရိယာ ၁၁၈၆ ဧကရှိပြီး ပြူကန်သည် ဧရိယာ ၅၇၈ ဧကကျယ်ဝန်းသည်။ ပလိပ်အင်းနှင့် ပြူကန်တို့သည် မျိုးသုဉ်းရန်အန္တရာယ်ရှိသော ငှက်မျိုးစိတ်တစ်ခုချင်းစီ၏ အကောင်ရေပေါင်း ၁ ရာခိုင်နှုန်းခန့် ပံ့မှန်ထောက်ပံ့ပေးနိုင်ခြင်း၊ မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သော ရေပျော်ငှက်မျိုးစိတ်များစွာကို ထောက်ပံ့ပေးနိုင်ခြင်း၊ ဒေသရွှေ့ပြောင်းငှက်များအတွက် ဆောင်းခိုရာဒေသတစ်ခုဖြစ်ခြင်း အစရှိသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့်အတွက် အရှေ့အာရှ - ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းရှိ ရွှေ့ပြောင်းရေပျော်ငှက်များ၊ ၎င်းတို့ကျက်စားရာဒေသများရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် လူသားတို့၏အကျိုးကျေးဇူးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ သစ်တောဦးစီးဌာနအနေဖြင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ EAAFP သည် ရမ်ဆာကွန်ဗင်းရှင်း (Ramsar Convention) ခေါ် ရေဝပ်ဒေသများ



ကွန်ဗင်းရှင်း (Convention on Wetlands) အား အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ဖွဲ့စည်းထားသော Ramsar Regional Initiative (RRI) တစ်ခုလည်းဖြစ်သည်။

ရွှေ့ပြောင်း ရေပျော်ငှက်များနှင့် ၎င်းတို့ ကျက်စားနေထိုင်ရာဒေသများကို ပိုမိုထိရောက်စွာ ထိန်းသိမ်းနိုင်စေခြင်း၊ နိုင်ငံတကာအဆင့် ပိုမိုကျယ်ပြန့်သော ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်များတွင် ပါဝင်နိုင်မည်ဖြစ်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာပြီး ဂေဟစနစ်များ ရေရှည်တည်တံ့စေခြင်း၊ ဆောင်းခိုငှက်များနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူပြုစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယနေ့အထိ မုတ္တမပင်လယ်ကွေ့၊ မွန်ပြည်နယ် (၂၀၁၄ ခုနှစ်၊ EAAF 117)၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ကချင်ပြည်နယ် (၂၀၁၄ ခုနှစ်၊ EAAF 118)၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ပဲခူးတိုင်းဒေသကြီး (၂၀၁၄ ခုနှစ်၊ EAAF 119)၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝ၊ ရခိုင်ပြည်နယ် (၂၀၁၈ ခုနှစ်၊ EAAF 139)၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဧရာဝတီတိုင်းဒေသကြီး (၂၀၁၈ ခုနှစ်၊ EAAF 140) အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ရှမ်းပြည်နယ် (၂၀၂၀ ပြည့်နှစ်၊ EAAF 147)၊ ပလိပ်အင်း၊ မန္တလေးတိုင်းဒေသ ကြီး (၂၀၂၃ ခုနှစ်၊ EAAF 154) နှင့် ပြူကန်၊ မန္တလေးတိုင်းဒေသကြီး (၂၀၂၃ ခုနှစ်၊ EAAF 155) စသည့် Flyway Sites Net–work ရှစ်ခုကို သတ်မှတ်ခြင်း ခံထားရပြီး ဆောင်းခိုရေပျော်ငှက်များနှင့် ၎င်းတို့နေရင်းဒေသများကို ထိန်းသိမ်းလျက်ရှိကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**



# ရွှေဘိုတက္ကသိုလ်၌ နဝမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ

**ရွှေဘို ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ်တွင် (အဝေးသင်သင်တန်း) နဝမအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာမျိုးမျိုးက ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားပြီး ၂၀၁၉ နှင့် ၂၀၂၀ ပညာသင်နှစ်များတွင် ပြုလုပ်ခဲ့သည့် အဝေးသင်သင်တန်းများတွင် ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ် ဘွဲ့များအတွက် အောင်မြင်ခဲ့ကြသည့် မောင်မယ်များကို ဘွဲ့လက်မှတ်များအပ်နှင်းခဲ့သည်။ (ဝဲပုံ)

အခမ်းအနားသို့ ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာတင်တင်ရီနှင့် တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ (ဌာနမှူး) များ၊ ပါမောက္ခများ၊ ဌာနမှူး (သင်တန်းရေးရာဌာန)၊ မော်ကွန်းထိန်း (စာမေးပွဲနှင့် ဘွဲ့နှင်းဌာန)၊ မော်ကွန်းထိန်း (ကျောင်းသားရေးရာဌာန)၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ရမောင်မယ်များနှင့်မိဘဆွေမျိုးများ တက်ရောက်ကြသည်။ အဆိုပါဘွဲ့နှင်းသဘင်ကို တက်ရောက်ဘွဲ့ယူသူ ၂၃၆ ဦးရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ထိုင်းနိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသော နိုင်ငံဖြစ်သည်။ ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီ ၇၀ ပါတီမှ ကိုယ်စားလှယ်လောင်း ၆၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပါတီ ၁၈ ပါတီမှ ကိုယ်စားလှယ် ၅၀၀ ရွေးချယ်ခြင်းခံခဲ့ရသည်။ ထိုင်းနိုင်ငံတွင် ၁၉၃၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း တပ်မတော်မှ အာဏာရယူမှု ၁၉ ကြိမ်ရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အမျိုးသားလုံခြုံရေးအကြီးအကဲ Thawil Pliensri ကို ရာထူးမှဖယ်ရှားခြင်းနှင့်စပ်လျဉ်း၍ အာဏာအလွဲသုံးစားပြုလုပ်မှုစွဲချက်များအတွက် တရားရုံးက ယင်လတ်ရှင်နာဝပ်တွင် အပြစ်ရှိကြောင်း တွေ့ရှိခဲ့ရပြီး ၂၀၁၄ ခုနှစ် မေလ ၇ ရက်နေ့တွင် ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ယင်လတ်ရှင်နာဝပ်အား အိမ်စောင့်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးရာထူးက ဖယ်ရှားခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်ကြီး ပရာယွတ် ချန်အိုချာသည် အမျိုးသားအေးချမ်းသာယာရေးနှင့် ငြိမ်ဝပ်ပိပြားမှုကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် အတည်ပြုခဲ့ပြီး အခြေခံဥပဒေအရ လွှတ်တော်နှစ်ရပ် ရှိသည်။ အထက်လွှတ်တော်တွင် တပ်မတော်မှရွေးချယ်သည့် လွှတ်တော်ကိုယ်စားလှယ် ၂၅၀ နှင့် အောက်လွှတ်တော်တွင် ရွေးကောက်ခံကိုယ်စားလှယ် ၅၀၀ တို့ပါဝင်သည်။ ထိုင်းနိုင်ငံ၌ ဝန်ကြီးချုပ်ရွေးချယ်ရာတွင် အထက်လွှတ်တော် ကိုယ်စားလှယ် ၂၅၀ နှင့် အောက်လွှတ်တော် ကိုယ်စားလှယ် ၅၀၀ တို့မှ မဲပေးရွေးချယ်ရပြီး အနည်းဆုံး ထောက်ခံမဲ ၃၇၆ မဲ ရရှိရမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ထိုအခြေခံဥပဒေဖြင့် ရွေးကောက်ပွဲကျင်းပခဲ့ရာ ဝန်ကြီးချုပ် ပရာယွတ်က ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ခဲ့ပြီး ဒုတိယအကြိမ် ဝန်ကြီးချုပ်တာဝန်ကို ရယူခဲ့သည်။ ၂၀၂၃ ခုနှစ် ရွေးကောက်ပွဲရလဒ်ကြေညာပြီးနောက် လွှတ်တော်အစည်းအဝေးကို ဇူလိုင်လ ၁၃ ရက်နေ့တွင် ကျင်းပခဲ့ရာ Move Forward ပါတီမှ Pita Limjaroenrat က ထောက်ခံမဲ ၃၂၄ မဲရရှိခဲ့သည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် ထိုင်းနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက Move Forward ပါတီခေါင်းဆောင် Pita Limjaroenrat ကို iTV Media ကုမ္ပဏီတွင် ရှယ်ယာပိုင်ဆိုင်ထားမှုနှင့်ပတ်သက်၍ တိုင်ကြားချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်ငြိစွန်းသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်ဆိုင်းကြောင်း ကြေညာခဲ့သည်။ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့ လွှတ်တော်အစည်းအဝေးတွင် ဖြူထိုင်း(Pheu Thai)ပါတီမှ Mr. Srettha Thavisin ကို ထောက်ခံမဲအများဆုံးဖြင့် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခဲ့ပြီး ထိုင်းနိုင်ငံ ညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းနိုင်ခဲ့သည်။ ဖြူထိုင်း (Pheu Thai) ပါတီအနေဖြင့် ပါတီ ၁၁ ပါတီနှင့် ညွန့်ပေါင်းအစိုးရအဖွဲ့ကို ဦးဆောင်ဖွဲ့စည်းကာ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းထားနိုင်ခြင်းက အဓိကအချက်ဖြစ်ပြီး ဒီမိုကရေစီ ထောက်ခံသူများနှင့် ကွန်ဆာဗေးတစ်တို့အကြား ဟန်ချက်ညီအောင် ထိန်းညှိပေးနိုင်ခြင်းသည် အစိုးရသစ်အတွက် အောင်မြင်မှုတစ်ရပ်လည်းဖြစ်သည်။ ထိုင်းနိုင်ငံ၏ နိုင်ငံရေးပါတီများသည် ဒီမိုကရေစီ၏ အခြေခံဖြစ်သော Rule of Law ကို အလေးထားကာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပြီး မိမိပါတီအကျိုးထက် ပြည်သူလူထု၏အကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ပညာရေးဘွဲ့ပထမနှစ်သင်တန်း ကျောင်းသား ကျောင်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ



**စစ်ကိုင်း ဇန်နဝါရီ ၂၃**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အောက်ရှိစစ်ကိုင်းပညာရေးတက္ကသိုလ် ပညာရေးဘွဲ့ ပထမနှစ်သင်တန်းကို ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ တက်ရောက်လာကြသည့် မောင်မယ်သစ်လွင် ကျောင်းသား ကျောင်းသူများအား ကြိုဆိုပွဲအခမ်းအနားကို စစ်ကိုင်းပညာရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စား စစ်ကိုင်းပညာရေးတက္ကသိုလ် မောင်မယ်သစ်လွင်များကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂ – ၂၀၂၃ပညာသင်နှစ် (၂၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် BEd၊ MEd၊ ပညာရေးဘွဲ့(စာပေးစာယူ)၊ PGDMA ဘွဲ့များအပြင် ပညာရေး၏ အမြင့်ဆုံးဘွဲ့ဖြစ်သည့် ပညာရေးပါရဂူဘွဲ့ကိုပါ ပေးအပ်ချီးမြှင့်နိုင်ပြီဆိုသည်ကို သိရှိရသည့်အတွက် ဝမ်းသာဂုဏ်ယူမဆုံးဖြစ်ရပါကြောင်း၊ နောင်နှစ်များတွင်လည်း ပညာရေး ပါရဂူဘွဲ့ရများ ဆက်လက်မွေးထုတ်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ မောင်မယ်သစ်လွင်တို့အနေဖြင့် ပညာကို ကြိုးစားလေ့လာသင်ယူကြပါ၊ ဆရာ ဆရာမများ၏ ပြောဆိုဆုံးမစကားကို နားထောင်ကြပါ၊ ကျောင်းစည်းကမ်း၊ အဆောင်စည်းကမ်းများကို လိုက်နာပြီး မိမိတက္ကသိုလ် ဂုဏ်သိက္ခာမညှိုးနွမ်းအောင် ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်မြတ်သော်က ပထမနှစ်သင်တန်းကို တက်ရောက်ကြသည့် မောင်မယ်သစ်လွင်အားလုံးကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ တက္ကသိုလ်ဝင်တန်းတွင် အမှတ်အများဆုံးဖြင့် ဝင်ခွင့်ရရှိသည့် ပထမနှစ် (ပညာရေး) ကျောင်းသူ မအေးချမ်းမိုး သိပ္ပံဝင်ခွင့် အမှတ်စဉ် (၁) အား ဂုဏ်ပြုဆုချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးတင်သန်းဝင်းက တက္ကသိုလ်ပေါင်းစုံ ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် မီတာ ၅၀၀၀ အပြေးပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိသည့် ဒုတိယနှစ် (ပညာရေး) ကျောင်းသူ မဝင်းမင်းနွယ်အား ဂုဏ်ပြုဆုချီးမြှင့်သည်။

ထို့နောက် ဒုတိယပါမောက္ခချုပ်များက မောင်မယ်သစ်လွင်ကျောင်းသား ကျောင်းသူများကို ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ဆုံးမဩဝါဒစကားများ ပြောကြားကြပြီး သင်တန်းရေးရာ ဌာနမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## ပဲခူးတိုင်းဒေသကြီး ဘတ်စကက်ဘောအသင်းအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ



**ပဲခူး ဇန်နဝါရီ ၂၃**

၂၀၂၅ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘော ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီး ဘတ်စကက်ဘော အသင်းအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၃ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ဝင်ရောက် ယှဉ်ပြိုင်ကြမည့် အားကစားသမားများ အနေဖြင့် အနိုင်/အရှုံး တစ်ခုတည်းကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်း မဟုတ်ဘဲ တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်မည့် ထက်မြက်ထူးချွန်သည့် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် သတ္တိရှိမှု၊ သည်းခံနိုင်မှု၊ ကျွမ်းကျင်မှု၊ စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှု၊ စည်းကမ်း ရိုသေလိုက်နာမှုစသည့် အခြေခံကောင်းများကိုပါ အစွမ်းကုန်ဖော်ထုတ်ရင်း အနိုင်ရရှိရေး အတွက် ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် အမှာစကား ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေချုပ်က အောင်နိုင်ရေး အလံအား အသင်းအုပ်ချုပ်သူ ဒေါ်သူဇာအောင်ထံ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ပြိုင်ပွဲဝင်အသင်းအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ အား ပေးအပ်ရာ ပြိုင်ပွဲဝင် အသင်းသားများက လက်ခံရယူသည်။ ထို့နောက် အသင်းအုပ်ချုပ်သူ ဒေါ်သူဇာအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးမှ အမျိုးသားအသင်းအတွက် ၁၄ ဦး၊ အမျိုးသမီးအသင်းအတွက် ၁၂ ဦး၊ အုပ်ချုပ်/နည်းပြ လေးဦး စုစုပေါင်း ၃၀ က သွားရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။ **ကိုတွတ်(ပြန်/ဆက်)**

## လယ်ဝေးမြို့၌ ခရိုင်အဆင့် ပညာရေးစုံညီပွဲတော်ကျင်းပ

**လယ်ဝေး ဇန်နဝါရီ ၂၃**

ပြည်ထောင်စုနယ်မြေ လယ်ဝေးခရိုင် ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် ခရိုင်ပညာရေး စုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အမှတ်(၁၈) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇင်မင်းကိုက အမှာစကား ပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးကျော်စိုးဝင်းက ပညာရေး စုံညီပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံထူးချွန်ဆုရရှိသည့် ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ ထို့နောက် ဗဟိုအဆင့်၊ တိုင်း၊ ခရိုင်အဆင့်တို့တွင် ပညာရေး၊ အားကစားနှင့် အခြားဘက်စုံ ထူးချွန်ဆုများ ရရှိခဲ့ကြသည့် လယ်ဝေးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**ဝေကြည်(ပြန်/ဆက်)**



## ပေါင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**ပေါင် ဇန်နဝါရီ ၂၃**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းတို့ဖြင့် ရောင်းချပေးခြင်း **(အပေါ်ပုံ)** တို့ကို ယနေ့နံနက်က ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရူခန်းမ၌ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ပေးအပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် တာဝန်ရှိသူများကာ သက်သာသောဈေးနှုန်းဖြင့် ပဲ၊ အာလူး၊ ဆီ စသည့်အခြေခံစားသောက်ကုန်များကို ရောင်းချပေးခြင်း လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ စောင့်ရှောက်မှုပေးရာတွင် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့တို့မှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြပြီး ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပျဉ်းမနားမြို့နယ်၌ မိုးကြိုသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**ပျဉ်းမနား ဇန်နဝါရီ ၂၃**

နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေကြသည့် တောင်သူများအတွက် သွင်းအားစုလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၅ ခုနှစ် မိုးကြိုသီးနှံစိုက်ပျိုးစရိတ် ချေးငွေများကို ဇန်နဝါရီ ၁၆ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိသည်။

ပျဉ်းမနားမြို့နယ်အတွင်းရှိ လယ်ယာလုပ်ငန်းခွင်သို့ ဝင်ကြမည့် တောင်သူများအတွက် အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်နှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အချိန်စေ့ရောက် ချေးငွေပြေကျေသူများကို တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် မိုးကြိုသီးနှံစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ဇန်နဝါရီ ၁၆ ရက်တွင် ကျွန်းဦးအုပ်စုအတွင်းရှိ တောင်သူ ၂၀ ၏ ချက်ကျန် ၆၄ ဧကအတွက် ချေးငွေကျပ် ၆၄၀၀၀၀၀ ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ကျေးရွာအုပ်စုများ အလိုက်လည်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်နန့်တင်စန်းထံမှ သိရသည်။



**မျိုးသီဟ(ပြန်/ဆက်)**

# အင်ဒိုနီးရှားသမ္မတ ရွေးကောက်ပွဲ ဓာတ်သတ္တုအရင်းအမြစ်ဆိုင်ရာမဟာဗျူဟာနှင့်အတူ အရှိန်ပြင်းထန်လျက်ရှိ

ဂျကာတာ ဇန်နဝါရီ ၂၃

**အင်ဒိုနီးရှားသမ္မတ ရွေးကောက်ပွဲ ကျင်းပရန် သီတင်းပတ်သုံးပတ်သာလိုတော့သည့်အချိန်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ဓာတ်သတ္တုအရင်းအမြစ်ဆိုင်ရာ မဟာဗျူဟာသည် ရွေးကောက်ပွဲမဲဆွယ်မှုတွင် အရေးပါသည့်အခြေအနေ ဆိုက်ရောက်လာခဲ့သည်။**

ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးအားမြှောက်ပြုသည့်အနေဖြင့် လက်ရှိအစိုးရသည် နီကယ်နှင့် ဘောက်ဆိုက်သတ္တု အပါအဝင် ဓာတ်သတ္တုကုန်ကြမ်းပစ္စည်းများ တင်ပို့မှုကို တားမြစ်ထားသည်။

သုံးဦးဆိုင်ပြိုင်ဘက်များဖြစ်သည့် ယခင်ဂျကာတာ အုပ်ချုပ်ရေးမှူး အန်နီးဘက်စ်ဝီဒန်၊ ကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုဆူဘီယန်တိုနှင့် အလယ်ဂျာဗားအုပ်ချုပ်ရေးမှူးဟောင်း ဂန်ဂျာပရာနိုဝိုတို့သည် ရွေးကောက်ပွဲအနိုင်ရရေး အပြင်းအထန်ကြိုးစားနေကြသည်။

စနေနေ့က ပရာဘိုဝိုသည် ကလီမန်တန်ကျွန်းသို့ သွားရောက်ခဲ့ပြီး မိမိအနေဖြင့် သမ္မတ ဂျိုကိုဝီဒိုဒို၏ မူဝါဒများကို ဆက်လက်လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး မိမိတို့၏ ဓာတ်သတ္တုများကို အခြားနိုင်ငံသို့ ဈေးပေါပေါဖြင့် ရောင်းစားရန် ခွင့်ပြုသွားမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

တနင်္ဂနွေနေ့က ဒုတိယသမ္မတလောင်းများသည် စကားစစ်ထိုးခဲ့ကြသည်။ အန်နီး၏ပြိုင်ဘက်မူဟိုင်မင်အစ္စကန်ဒါက ဓာတ်သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လျစ်လျူရှုထားခြင်းကို ပြန်လည်သုံးသပ်ရတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မိမိတို့၏ လုပ်သားများ မျက်ကွယ်ပြုခြင်းခံနေရသလို နိုင်ငံခြားသားများကိုသာ ငှားရမ်းသုံးစွဲလျက်ရှိကြောင်း ပြောကြားခဲ့သည်။ မတော်တဆမှုများသည် စက်ရုံများတွင် ဖြစ်ပျက်နေကြောင်း ၎င်းက ပြောသည်။




သုံးဦးဆိုင်ပြိုင်ဘက်များဖြစ်သည့် ယခင်ဂျကာတာ အုပ်ချုပ်ရေးမှူး အန်နီးဘက်စ်ဝီဒန်၊ ကာကွယ်ရေးဝန်ကြီး ပရာဘိုဝိုဆူဘီယန်တိုနှင့် အလယ်ဂျာဗားအုပ်ချုပ်ရေးမှူးဟောင်း ဂန်ဂျာပရာနိုဝိုတို့ကို တွေ့ရစဉ်။

နောက်ဆုံးစစ်တမ်းရလဒ်များက ပရာဘိုဝိုနှင့် ၎င်း၏ပြိုင်ဘက် ဂျိုကိုအကြီးဆုံးသား ဂီဘရန် ရာကာဘူမင် ရာကာတို့သည့် ထောက်ခံနှုန်း ၄၇ ရာခိုင်နှုန်းဖြင့် ဦးဆောင်လျက်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# လျှပ်စစ်ပြတ်တောက်မှုကြောင့် ဂျပန်နိုင်ငံ ခရိုင်အချို့ရှိ ကျည်ဆန်ရထားလိုင်းများ ခေတ္တရပ်ဆိုင်း

**တိုကျို ဇန်နဝါရီ ၂၃**

လျှပ်စစ် ပြတ်တောက်မှုကြောင့် ဂျပန်နိုင်ငံ ခရိုင်များနှင့် ဂျပန်မြို့တော်ရှိ ရှင်ကန်ဆန် ကျည်ဆန် ရထားလိုင်း သုံးလိုင်းကို ဇန်နဝါရီ ၂၃ ရက်က ခေတ္တရပ်နားခဲ့ရသည်။

ရှင်ကန်ဆန်ကျည်ဆန်ရထားလိုင်း ခေတ္တခဏ ရပ်နားခဲ့သည့်အတွက် တိုကျိုမှ ဆန်ဒေးသို့ ပြေးဆွဲသည့် တိုဟိုကူရထားလိုင်း၊ တိုကျိုမှ တာကာဆာကီ ပြေးဆွဲသည့် ဟိုကူရိုကူနှင့် ဂျိုအီဆု ရထားလိုင်းများ ထိခိုက်ခဲ့သည်။

ဂျပန်နိုင်ငံအရှေ့ပိုင်း ရထားလိုင်း ကုမ္ပဏီက အဆိုပါရထားလမ်းပိုင်းရှိ ရထားဝန်ဆောင်မှုများကို တစ်နေကုန် ရပ်နားထားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ဂျပန်နိုင်ငံ အရှေ့ပိုင်းရထားလိုင်းက ရထားလိုင်းများ ရပ်နားထားခြင်းသည် ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီမတိုင်မီ လျှပ်စစ်ပြတ်တောက်မှုကြောင့် ဖြစ်ကြောင်း ပြောသည်။ ရထားလိုင်းကုမ္ပဏီက ယူအီနိုနှင့် အိုမီယာဘူတာရုံကြား လျှပ်စစ်သွယ်တန်းထားသည့် ဓာတ်အားလိုင်းများ တန်းလန်းကျနေသည်ကို ဓာတ်ပုံထဲတွင် ဖော်ပြထားသည်။



ကုမ္ပဏီသည် အမှုထမ်းများကို ပြင်ဆင်မှုများလုပ်နိုင်ရန် အခင်းဖြစ်ပွားရာနေရာသို့ စေလွှတ်ခဲ့သည်။ သို့သော်လည်း တွဲဖက်ကုမ္ပဏီတစ်ခုမှ အလုပ်သမား တစ်ဦးသည် ဓာတ်လိုက်ခဲ့ပြီး ကျန်တစ်ဦးမှာ မီးလောင်မှုဒဏ်ရာများ ခံစားခဲ့ရသည်။ ၎င်းတို့နှစ်ဦးလုံးကို ဆေးရုံသို့ခေါ်ဆောင်သွားခဲ့သည်။ အလုပ်သမားများ၏ အခြေအနေနှင့်ပတ်သက်ပြီး မသိရသေးချေ။

အင်န်အိတ်ချ်ကေ

# အာဆီယံခရီးသွားဖိုရမ် ၂၀၂၄ ကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပ

**ဗီယင်ကျန်း ဇန်နဝါရီ ၂၃**

အာဆီယံခရီးသွားဖိုရမ် ၂၀၂၄ ကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ဇန်နဝါရီ ၂၂ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိသည်။

ဖိုရမ်က အရည်အသွေးနှင့် တာဝန်သိ ခရီးသွားကဏ္ဍ-အာဆီယံအနာဂတ်ကို "ထိန်းသိမ်းကြ" ဆိုသည့်ဆောင်ပုဒ်နှင့်အတူ နိုင်ငံတကာခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်ရန် အာဆီယံခရီးသွားကဏ္ဍ တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်အဓိကရည်ရွယ်သည်။

ထို့ပြင် ဒေသတွင်း ခရီးသွားကဏ္ဍကို စဉ်ဆက်မပြတ်ထိန်းသိမ်းရန်နှင့် အပြန်အလှန်ရိုင်းပင်းကူညီမှုများကို ပိုမိုအားဖြည့်ပေးရန် မျှော်လင့်ကြောင်း လာအိုသတင်းအေဂျင်စီက ဖော်ပြသည်။

တစ်ချိန်တည်းတွင် နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်ရန်မျှော်လင့်ချက်ဖြင့် လာအိုနိုင်ငံက ခရီးသွားကဏ္ဍတိုးမြှင့်ရေးလှုပ်ရှားမှုဖြစ်သည့် လာအိုခရီးသွားနှစ် ၂၀၂၄ ကို တရားဝင်စတင်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် လာအိုက နိုင်ငံခြားခရီးသွား အနည်းဆုံး ၂ ဒသမ ၇ သန်း လာရောက်ရန် ဆွဲဆောင်နိုင်မည်ဟု မျှော်လင့်ထားသည်။ ထို့ပြင် ၂၀၂၅ ခုနှစ်တွင် နိုင်ငံခြားခရီးသွား ၂ ဒသမ ၉ သန်း လာရောက်ရန် မျှော်မှန်းထားပြီး နိုင်ငံအခွန်ဘဏ္ဍာအဖြစ် အမေရိကန်ဒေါ်လာ ၄၃၄ သန်းရရှိရန် ခန့်မှန်းထားသည်။

ဆင်ဟွာ

# အီသီယိုးပီးယားနိုင်ငံ ဆိုမာလီဒေသတွင် ရေကြီးရေလျှံမှုကြောင့် ကလေးငယ် ၆၇၀၀၀ ကျော် စာသင်ကြားခွင့်မရ

**အဒစ္စအဘာဘာ ဇန်နဝါရီ ၂၃**

အီသီယိုးပီးယားနိုင်ငံ အရှေ့တောင်ပိုင်းရှိ ဆိုမာလီဒေသတွင် မကြာသေးမီက အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့် ဆက်စပ်သော ရေကြီးရေလျှံမှုကြောင့် ကလေးငယ် ၆၇၀၀၀ ကျော် စာသင်ကြားခွင့်မရကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က ပြောသည်။

အီသီယိုးပီးယားနိုင်ငံ ဆိုမာလီဒေသ ရေကြီးရေလျှံမှုအခြေအနေ၊ ပညာရေးကဏ္ဍအပေါ် ထိခိုက်မှုရှိကြောင်း အခြေအနေနှင့်ပတ်သက်ပြီး နောက်ဆုံးအစီရင်ခံစာတွင် ရေကြီးရေလျှံမှုသည် စာသင်ကျောင်းများ နှစ်လနီးပါးကြာ ပိတ်ထားရသည်အထိ ဒေသတွင်း ပညာရေးဝန်ဆောင်မှုအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း ယူနီဆက်ဖ်က ပြောသည်။

ယူနီဆက်ဖ်၏ အချက်အလက်များအရ ရေလွှမ်းမိုးမှုဖြစ်စဉ်များကြောင့် ဆိုမာလီဒေသအတွင်း ဇုန်လေးဇုန်ရှိ စာသင်ကျောင်း ၂၂၇ ကျောင်း ထိခိုက်မှုရှိခဲ့ကြောင်း၊ ၎င်းတို့ထဲမှ ၁၃၉ ကျောင်းမှာ ပိတ်ထားရပြီး ၈၈ ကျောင်းမှာ တစ်စိတ်တစ်ပိုင်း ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့ရာ ကျောင်းသား ကျောင်းသူ ၆၇၀၃၀ စာသင်ကြားခွင့်မရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြစ်ဝှမ်းဒေသအတွင်း ရေကြီးရေလျှံမှုပမာဏမှာ မကြုံစဖူးအခြေအနေကြောင့် ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေကာ လက်ရှိတွင် ရေဘေးသင့်လူပေါင်း ၈၃၃ ၀၀၀ ခန့် လူသားချင်းစာနာထောက်ထားမှုအကူအညီ လိုအပ်လျက်ရှိသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် သဘာဝဘေးအန္တရာယ်နှင့် လူလုပ်ဘေးန္တရာယ် အထူးသဖြင့် ပဋိပက္ခများကြောင့် အီသီယိုးပီးယားနိုင်ငံတွင် ကလေးငယ် ၇ ဒသမ ၆ သန်းခန့် စာသင်ကြားခွင့်မရကြောင်း ယူနီဆက်ဖ်က ပြောသည်။

အီသီယိုးပီးယားနိုင်ငံ ဒေသအနှံ့အပြားတွင် ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် ကလေးငယ်များ၏ ပညာသင်ကြားခွင့်ကို အဟန့်အတားဖြစ်စေကြောင်း ယူနီဆက်ဖ်က ပြောသည်။ အထူးသဖြင့် အမ်ဟာရာနှင့် အိုရိုမီးယားဒေသများတွင် ဖြစ်ပွားသော ပဋိပက္ခများက ကျောင်းထွက်သည့် ကလေးငယ်များ အရေအတွက် မြင့်တက်လာစေသည်။

ပြီးခဲ့သည့်လတွင် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက အောက်တိုဘာလနောက်ပိုင်း အီသီယိုးပီးယားနိုင်ငံ ဒေသအနှံ့အပြားတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၅၇ ဦး သေဆုံးခဲ့ကြောင်း ပြောသည်။

ဆင်ဟွာ

# တရုတ်နယ်စပ်အနီး အင်အားပြင်းငလျင်လှုပ် လူသုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရ

**ပေကျင်း ဇန်နဝါရီ ၂၃**

အင်အားပြင်းငလျင်တစ်ခုသည် ကာဇက်စတန်နှင့်ထိစပ်နေသော တရုတ်နယ်စပ်အနီး ဆင်ကျန်ဝီဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လှုပ်ခဲ့သည်။

ငလျင်လှုပ်မှုကြောင့် လူသုံးဦးသေဆုံးခဲ့ပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် ဖော်ပြခဲ့သည်။ တရုတ်ငလျင်စီမံခန့်ခွဲရေးဌာနက ငလျင်သည် ပြင်းအားပမာဏ ၇ ဒသမ ၁ အဆင့်ရှိကြောင်း ပြောခဲ့သည်။ ငလျင်သည်ဇန်နဝါရီ ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီဝန်းကျင်တွင် လှုပ်ခဲ့သည်။ ငလျင်သည် အက်စ်ဆုခရိုင်အောက် ၂၂ ကီလိုမီတာခန့်တွင် ဗဟိုပြု၍ လှုပ်ခဲ့သည်။

တရုတ်ဗဟိုရုပ်မြင်သံကြားက လူပေါင်း ၁၂၀၀၀ ခန့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ကာဇက်စတန်ရှိ မီဒီယာများကလည်း မြို့တော်ဘစ်ရှ်ခက်တွင် ပြင်းထန်သည့်လှုပ်ရှားမှုများကို ခံစားခဲ့ရကြောင်း ဖော်ပြခဲ့သည်။

ဆင်ဟွာ

## အင်းလေး၊ ရှာငံမြို့မနှင့် ပင်းတယမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) အင်းလေး၊ ရှာငံမြို့မနှင့် ပင်းတယမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား အမယ်သုံးမျိုးနှင့် ချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ အခမ်းအနားသို့ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား အမယ်သုံးမျိုးနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။ **(ယာပုံ)** ထို့နောက် ဒုတိယတိုင်းမှူးက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဗန်းမော်၊ တာချီလိတ်နှင့် သာစည်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၂ ရက် ညနေ ၄ နာရီတွင် ဗန်းမော်မြို့ နောင်ခိုရပ်ကွက်ရှိ ရေဆိပ်၌ တာပိန်ချောင်းအတိုင်း ဖိုးထောင် (ခ) ကျော်ထက်နိုင် မောင်းနှင်ပြီး မစန်းစန်းမော်နှင့် မချိုချိုစန်းတို့ လိုက်ပါလာသည့် သစ်သားစက်လှေကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ကို လည်းကောင်း။



ထွန်းထွန်းအောင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဇန်နဝါရီ ၂၁ ရက် ညနေ ၄ နာရီတွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် လော်ထူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ စစ်ဆေးချက်အရ ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ၎င်း၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း၊ ထို့နေ့ ည ၉ နာရီတွင် သာစည်မြို့နယ် ကွဲတပ်ဆုံကျေးရွာအုပ်စု ကွဲတပ်ဆုံကျေးရွာအနီးတွင် EXPRESS ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မတ္တရာမြို့နယ် မော်နီကုန်းရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မော်နီကုန်းကျေးရွာကို ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဝင်ရောက်ခဲ့ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာ DVB က မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ မတ္တရာမြို့နယ်၌ နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံ အကြမ်းဖက်သမားများက မော်နီကုန်းကျေးရွာအနီးတွင် လာရောက်တိုက်ခိုက်ခဲ့ပြီး ပြန်လည်ထွက်ပြေးချိန်တွင် မော်နီကုန်းကျေးရွာမှနေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့ကြောင်း မြေပြင်သတင်းပေးပို့ချက်များနှင့် လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ် ၈၃ တန်ကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System – CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း တန် ၃၂ ဒသမ ၄၆၃၀၊ သစ်မာ ၁၆ ဒသမ ၄၂၁၄ တန်၊ အခြား ၃၄ ဒသမ ၄၁၄၆ တန် စုစုပေါင်း တန် ၈၃ ဒသမ ၂၉၉၀၊ ယာဉ်/ယန္တရား ၁၀ စီး၊ တရားခံ ၁၈ ဦး ဖမ်းဆီးရမိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**



အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Yar Zar Min Industry Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Yutong အမှတ်တံဆိပ် လျှပ်စစ်သုံးယာဉ် အားသွင်းစက် (80 KW, EV Charger) များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ဘလူမြို့နယ် ဇာဒီကျေးရွာအနီး ကြံခုတ်နေသည့် ဒေသခံပြည်သူများအား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အမျိုးသား ငါးဦးနှင့် အမျိုးသမီး တစ်ဦးသေဆုံး၊ အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇာဒီကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာ ကြံခင်းအတွင်း ကြံခုတ်နေသည့် ဒေသခံပြည်သူများအား ယနေ့နံနက် ၁၀ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ထိုကဲ့သို့ ဖြစ်ပွားခဲ့ကြောင်း သတင်းရလျှင်ရခြင်း နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်နေရာသို့ သွားရောက်ခဲ့ရာ နံနက် ၁၁ နာရီခန့်တွင် ရောက်ရှိခဲ့ပြီး PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကြံခုတ်နေသည့် အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသားငါးဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို သေဆုံးလျက်တွေ့ရှိရပြီး အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိနေကြောင်း တွေ့ရှိရသည်။

သေဆုံးခဲ့ရသူများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူကို လိုအပ်သည့်ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ရေး ကန့်ဘလူမြို့ရှိ နယ်မြေခံဆေးပေးခန်းသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာ အနီးတစ်ဝိုက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကန့်ဘလူမြို့နယ် ဇာဒီကျေးရွာအနီး ကြံခုတ်နေသည့် အပြစ်မဲ့ဒေသခံပြည်သူများအား PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အမျိုးသား ငါးဦးနှင့် အမျိုးသမီး တစ်ဦး သေဆုံး၊ အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိသည့် နေရာပြပုံ



# အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လိမ်လည်လှည့်ဖြားမှု ကင်းစင်ရေး

**ဒေါက်တာ ဝေရီလင်း (စားသုံးသူရေးရာဦးစီးဌာန)**

အစားအစာကုန်သွယ်မှုကဏ္ဍဟူသည် အစာကွင်းဆက်တစ်လျှောက် ကျရောက်နိုင်သော ဘေးအန္တရာယ်ဖြစ်မှု ကာကွယ်ရန် နည်းပညာ အစီအမံများ အသုံးပြုရန် လိုအပ်သော ကဏ္ဍတစ်ရပ် ဖြစ်ပါသည်။

နိုင်ငံတကာ အစားအစာကုန်သွယ်ရေးတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး ( World Trade Organization – WTO) စည်းမျဉ်းများအရ ကုန်သွယ်ဖက်နိုင်ငံများ၏ လူ၊ အပင်၊ တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်နှင့် ပတ်သက်သော ထိခိုက်ပျက်စီးယိုယွင်းမှုများ ကာကွယ်ရန်အတွက် လူ၊ အပင်၊ တိရစ္ဆာန်ဆိုင်ရာ သန့်ရှင်းကျန်းမာရေး သဘောတူညီချက် Sanitary and Phytosanitary (SPS) Agreement နှင့် ကုန်သွယ်မှုနည်းပညာ အတားအဆီးဆိုင်ရာ သဘောတူညီချက် Technical Barriers to Trade(TBT) Agreement တို့ကို ကျင့်သုံးဆောင်ရွက်လျက် ရှိပါသည်။

အာဆီယံနိုင်ငံများအတွက်လည်း အာတီကယ်(၁၈)ပိုဒ် ပါဝင်သော ASEAN Food Safety regulatory Framework Agreement (AFSRF) ရေးဆွဲပြဋ္ဌာန်းလိုက်နာခြင်းဖြင့် စားသုံးသူများကို အပြည့်အဝကာကွယ်ပေးရန်နှင့် ဘေးကင်းလုံခြုံသော ကုန်စည်များ လွယ်ကူစွာ စီးဆင်းနိုင်စေရေး ဆောင်ရွက်လျက်ရှိပါသည်။

**စားသုံးသူအား အပြည့်အဝကာကွယ်ပေးထား**

စားသောက်ကုန်ထုတ်လုပ်သည့် ကွင်းဆက်တိုင်းသည် အရေးကြီးပြီး ထုတ်လုပ်တင်ပို့ရောင်းချရာတွင် အစာကွင်းဆက်တစ်လျှောက် ပါဝင်သူများ၏ ကျင့်သုံးဆောင်ရွက်ချက်များသည် ကောင်းမွန်မှု၊ လုံခြုံစိတ်ချရမှုရှိရန် အရေးကြီးပါသည်။ ရည်ရွယ်ခြင်းမရှိသော်လည်း ဖြစ်နိုင်ခြေရှိသော ဘေးအန္တရာယ်ကိုလည်းကောင်း၊ ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်သော ဘေးအန္တရာယ်ကိုလည်းကောင်း ကာကွယ်နိုင်ရန် မဖြစ်မနေ ကျင့်သုံးဆောင်ရွက်ရန်လိုသော နည်းပညာအစီအမံများ အသုံးပြုခြင်းဖြင့် စားသုံးသူအား အပြည့်အဝ အကာအကွယ်ပေးထားခြင်း ဖြစ်ပါသည်။

**အစားအစာ လုံခြုံစိတ်ချရမှုကို လွှမ်းခြုံနိုင်မည်**

ယနေ့ထက်တိုင် အစားအစာဆိုင်ရာ လိမ်လည်လှည့်ဖြားမှုသည် ဖြေရှင်းနေရဆဲပြဿနာတစ်ရပ်ဖြစ်ရာ ယင်းကို ဦးတည်ချက်ထား၍ တစိုက်မတ်မတ် ဆောင်ရွက်နိုင်မှသာ အစားအစာလုံခြုံစိတ်ချရမှု စီမံခန့်ခွဲရေး စနစ်တစ်ခုလုံးကို လွှမ်းခြုံနိုင်မည် ဖြစ်ပါသည်။







လိမ်လည်လှည့်ဖြားမှု အခြေအနေကြုံတွေ့ပါက လူအများ၏ တုံ့ပြန်ပုံကို ဖော်ပြသည့် ၁၀-၈၀-၁၀ ဥပဒေသ သရုပ်ပြပုံ။

စားသောက်ကုန်တစ်ခု၏ အစားအသောက်၊ အစားအစာ ပါဝင်ပစ္စည်းများ (သို့မဟုတ်) အစားအသောက်ထုပ်ပိုးခြင်း၊ အညွှန်းတပ်ခြင်း၊ ထုတ်ကုန်အချက်အလက်များ (သို့မဟုတ်) မှားယွင်းသော (သို့မဟုတ်)လွဲမှားသော ဖော်ပြချက်များကို တမင်တကာ ရည်ရွယ်ချက်ရှိရှိဖြင့် မမှန်ကန်သော အရာများဖြင့် အစားထိုးခြင်း၊ ထပ်မံပေါင်းထည့်ခြင်းအား စီးပွားရေးအကျိုးအမြတ်အတွက် ပြုလုပ်ခြင်း၏ အကျိုးဆက်ကြောင့် စားသုံးသူများ၏ ကျန်းမာရေး ထိခိုက်နိုင်ခြင်းအား အစားအသောက် လိမ်လည်လှည့်ဖြားခြင်းဟုခေါ်သည်။

Global Food Safety Initiatives– GFSI ၏ အဆိုအရ အစားအစာဆိုင်ရာ လိမ်လည်လှည့်ဖြားမှုဆိုသည်မှာ စီးပွားရေး(ငွေကြေး)ဆိုင်ရာ ရယူလိုမှုကြောင့် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ရာမှ ဖြစ်ပေါ်သော လိမ်လည်လှည့်ဖြားမှု ဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁)၊ အပိုဒ် (၂) (ဆ) အရ လိမ်လည်လှည့်ဖြားခြင်းဆိုသည်မှာ ကုန်စည်/ ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ မှားယွင်းသော ဖော်ပြခြင်းဖြင့်ဖြစ်စေ၊ မမှန်ကန်သော ကြော်ငြာခြင်းဖြင့်ဖြစ်စေ၊ မရိုးဖြောင့်သော သဘောဖြင့်ဖြစ်စေ စားသုံးသူက လွဲမှားစွာ လက်ခံစေရန် ရည်ရွယ်ဆောင်ရွက်မှုကို ဆိုပါသည်။ စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁)၊ အပိုဒ်(၂) (ဇ)အရ ယင်းနှင့်အလားတူ အခြားအဓိပ္ပာယ် ဖွင့်ဆိုချက်တစ်ခုမှာ ထင်ယောင်ထင်မှား ဖြစ်ခြင်းဖြစ်၍ ကုန်စည်နှင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ သဘာဝ အရည်အသွေးကိုဖြစ်စေ၊ ထုတ်လုပ်မှုဖြစ်စဉ်ကို ဖြစ်စေ၊ ဆောင်ရွက်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဝိသေသ လက္ခဏာကိုဖြစ်စေ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းကိုဖြစ်စေ၊ ရည်ရွယ်ချက်ကိုဖြစ်စေ၊ အရေအတွက်ကိုဖြစ်စေ စားသုံးသူကို လွဲမှားယူဆမှုဖြစ်စေသော ပြုလုပ်မှုကို ဆိုလိုပါသည်။

**စားသောက်ကုန်တစ်ခု၏ အစားအသောက်၊ အစားအစာ ပါဝင်ပစ္စည်းများ (သို့မဟုတ်) အစားအသောက် ထုပ်ပိုးခြင်း၊ အညွှန်းတပ်ခြင်း၊ ထုတ်ကုန်အချက်အလက်များ (သို့မဟုတ်) မှားယွင်းသော (သို့မဟုတ်)လွဲမှားသော ဖော်ပြချက်များကို တမင်တကာ ရည်ရွယ်ချက်ရှိရှိဖြင့် မမှန်ကန်သော အရာများဖြင့် အစားထိုးခြင်း၊ ထပ်မံပေါင်းထည့်ခြင်းအား စီးပွားရေးအကျိုးအမြတ်အတွက် ပြုလုပ်ခြင်း၏ အကျိုးဆက်ကြောင့် စားသုံးသူများ၏ ကျန်းမာရေး ထိခိုက်နိုင်ခြင်းအား အစားအသောက် လိမ်လည်လှည့်ဖြားခြင်းဟု ခေါ်သည်**

ပညာရှင်များအဆိုအရ အစားအစာလိမ်လည်လှည့်ဖြားခြင်း အမျိုးအစားခုနစ်မျိုး ခွဲခြားထားရာ အစားထိုးခြင်း၊ ဖုံးကွယ်ခြင်း၊ မှားယွင်းသော ကုန်အညွှန်းဖော်ပြခြင်း၊ တရားဝင်မဟုတ်သော မှောင်ခိုဈေးကွက်အတွက် ထုတ်လုပ်ခြင်း၊ တရားမဝင်သော ထပ်ဖြည့်ပစ္စည်းအသုံးပြုခြင်း၊ အတုပြုလုပ်ခြင်းနှင့် ရောနှောခြင်းတို့ဖြစ်သည်။

**ဈေးကွက်တွင် စားသုံးဆီများကို အခြားဆီများဖြင့် ရောနှောခြင်းဖြစ်**

ဈေးကွက်တွင်တွေ့ရလေ့ရှိသော အစားအစာ လိမ်လည်လှည့်ဖြားခြင်း ဖြစ်စဉ်များမှာ ဈေးကြီးသော စားသုံးဆီများကို အခြားဆီများဖြင့် ရောနှောခြင်းဖြစ်ပြီး သံလွင်ဆီ (ပြည်တွင်းတွင် မြေပဲဆီ) တွင် အခြားဈေးသက်သာသော ဆီများ ရောနှောခြင်း၊ ဈေးနှုန်းမတူညီသော ငါးများရောင်းချရာတွင် ဈေးနှုန်းကြီးမြင့်သော ငါးနှင့် ပုံစံတူသော်လည်း အမျိုးအစားမတူသည့် ဈေးနှုန်းသက်သာသော ငါး ရောနှောရောင်းချခြင်း (သို့မဟုတ်) အစားထိုး ရောင်းချခြင်း၊ နို့တွင် မယ်လမင်းဓာတ်ဖြည့်၍ ရောင်းချခြင်း၊ လယ်ယာသီးနှံများ တင်ပို့ရာတွင် မျိုးရိုးဗီဇပြောင်းထားသော သီးနှံများ (Genetically Modified Organism–GMO ) သီးနှံများနှင့် ရောနှောရောင်းချခြင်း၊ ပျားရည်တွင် (ပျားရည် မဟုတ်သော) သကာရည်များ အခြားပစ္စည်းများ ရောနှောရောင်းချခြင်း၊ ကော်ဖီနှင့် လက်ဖက်ခြောက် အမျိုးအစားနှင့် ထွက်ရှိရာဒေသများကို စီးပွားရေး အကျိုးအမြတ်ထွက်စေရန် လိမ်လည်လှည့်ဖြားခြင်း၊ ဈေးနှုန်းကြီးမြင့်သော ဟင်းခတ်အမွှေးအကြိုင်များကို ရောနှောရောင်းချခြင်း၊ အရက်၊ ဘီယာနှင့် ဝိုင်အတု ပြုလုပ်ရောင်းချခြင်း၊ အသီးအနှံဖျော်ရည်တွင် သစ်သီးအစစ်မှပြုလုပ်သော ဖျော်ရည်နှင့် ဓာတုပစ္စည်းသုံးဖျော်ရည်အတု ရောနှောရောင်းချခြင်း တို့ဖြစ်သည်။

**အစားအစာ လိမ်လည်လှည့်ဖြားမှုဖြစ်စဉ်များ**

ကမ္ဘာတစ်လွှား နိုင်ငံအလိုက် နာမည်ဆိုးဖြင့် ကျော်ကြားသော အစားအစာ လိမ်လည်လှည့်ဖြားသော ဖြစ်စဉ်များမှာ နယူးဇီလန်နိုင်ငံထွက် မနုကပျားရည် (Manuka Honey)သည် အလှကုန်အဖြစ် လည်းကောင်း၊ ဆေးဖက်ဝင်၍လည်းကောင်း ကျော်ကြား၍ ဈေးနှုန်းကြီးမြင့်ရာ တစ်နှစ်လျှင် တန်ချိန် ၁၇၀၀ ကျော်သာ ထွက်ရှိသော်လည်း ဈေးကွက်တွင် နယူးဇီလန်ထုတ် မနုကပျားရည် အမည်ဖြင့် တစ်နှစ်လျှင် တန်ချိန်တစ်သောင်းခန့် ရောင်းချခြင်း၊ ၂၀၂၃ ခုနှစ်တွင် အင်္ဂလန်၊ ပြင်သစ်နှင့် ဥရောပတစ်ခွင် အမဲသားညှပ်ဘာဂါများ ရောင်းချရာတွင် အမဲသားအစား မြင်းသားနှင့် ဝက်သားများ သုံးပုံတစ်ပုံခန့် ရောနှောထုတ်လုပ်ထားသည့် အမဲသားများ အသုံးပြု ရောနှောရောင်းချခြင်း၊ ၂၀၀၈ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ဖြစ်ပွားသော ကလေးငယ်များအတွက် နို့မှုန့်တွင် မယ်လမင်း ရောနှော၍ လှည့်ဖြားရောင်းချခြင်း၊ ဖာလာစေ့ကဲ့သို့ ဟင်းခတ်အမွှေးအကြိုင်တွင် မြေပဲများ ရောနှောထားရာ မြေပဲနှင့် ဓာတ်မတည့်သူများအတွက် ဆိုးကျိုးဖြစ်စေခြင်း၊ အာရှနိုင်ငံများတွင် သံလွင်ဆီ၊ ငရုတ်ဆီနှင့် မြေပဲဆီများတွင် ဈေးပေါသော အခြားဆီများရောနှောခြင်း၊ အီတလီချိစ် ထုတ်လုပ်စဉ်တွင် ကျွဲနို့အစား နွားနို့ အသုံးပြုခြင်းဖြင့် လွဲမှားသော နို့အမျိုးအစား အသုံးပြုထုတ်လုပ်ခြင်း၊ အီးယူတွင် အသားထုပ်ပိုးသူများက လျှာနာခွာနာရောဂါ ဖြစ်ပွားသည့် ကျွဲနွားများအား လုံလောက်သော ကာကွယ်တားဆီးမှုပြုလုပ်ရန် ပျက်ကွက်ရုံမျှမက ယင်းတို့ကို စားသောက်ရန်ဖြန့်ချီရောင်းချသည်အထိ ကျူးလွန်ခဲ့ကြခြင်းတို့ဖြစ်သည်။

အတုအပပြုလုပ်ခြင်း ဖြစ်စဉ်များတွင် အရက်၊ ဘီယာနှင့် ဝိုင်များကို အတုပြုလုပ်ခြင်းမှာ အများစု ဖြစ်သည်။ ထို့ပြင်သာမက အစားအသောက်ကဏ္ဍကို အသုံးချ၍ ကြိုတင်ကြံစည်သော ရာဇဝတ်မှု ကျူးလွန်ခြင်းကို Malicious contamination ဟုခေါ်ပါသည်။ ၂၀၀၅ ခုနှစ်တွင် ဗြိတိန်၌ ဖြစ်ပွားသော ကျူးလွန်ခြင်းတွင် ပေါင်မုန့်အတွင်း၌ ဖန်ထည်စများ၊ အပ်များပါဝင်ခဲ့ခြင်း၊ အမေရိကန်နိုင်ငံ အိုရီဂွန်အရွက်သုပ် ဘားဆိုင်၏ စားစရာ(အသုပ်)များတွင် ဆယ်လ်မိုနဲလား ပါဝင်၍ လူပေါင်း ၇၅၁ ဦး နာမကျန်းဖြစ်စေခဲ့ခြင်း၊ ၂၀၀၇ ခုနှစ်တွင် ကိတ်မုန့်စက်ရုံတစ်ခု၌ မြေပဲကို ခွဲခြားသိမ်းဆည်းခြင်းမပြုဘဲ ရောနှောနေခဲ့ရာ မြေပဲဖြင့် ဓာတ်မတည့်သူများအတွက် အန္တရာယ်ရှိနိုင်၍ ယခင်ဈေးကွက်အတွင်း ဖြန့်ဖြူးပြီးထုတ်ကုန်များ ပြန်လည်သိမ်းဆည်းခဲ့ရပြီး စက်ရုံကိုလည်း တစ်ပတ်ခန့်ကြာအောင် သန့်ရှင်းရေး ဆောင်ရွက်ခဲ့ရခြင်းဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

အစားအစာဆိုင်ရာ ဆိုက်ဘာပြစ်မှုများမှာ အစားအစာမှာယူသည့်ကိစ္စတွင် ဖြစ်ပွား၍ ငွေလွှဲကိစ္စများ၊ အကြွေးဝယ်ကတ်ကိစ္စများနှင့် ပတ်သက်ပါသည်။ သူလျှိုထားခြင်းမှာ အစားအစာဆိုင်ရာ လိမ်လည်လှည့်ဖြားခြင်း တစ်ခုဖြစ်ရာ အစားအစာ ထုတ်လုပ်သော စက်ရုံများ၏ ဖော်မြူလာများကို တရားဝင်မဟုတ်သော နည်းလမ်းဖြင့် ရယူခြင်းဖြစ်ရာ ယင်းကို အသုံးပြုထုတ်လုပ်မည်ဆိုပါက ပြည့်စုံမှုရှိမရှိ မသေချာသည့်အပြင် ဥပဒေကြောင်းအရ ငြိစွန်းနေသည်။

အစားအစာဆိုင်ရာ လိမ်လည်လှည့်ဖြားခြင်း နောက်ထပ်နည်းလမ်းတစ်ခုမှာ ခြိမ်းခြောက်ငွေညှစ်ခြင်းဖြစ်၍ အစားအစာညစ်ညမ်းမှု ဖြစ်ပွားနေခြင်းကို အကြောင်းပြု၍ မသမာသော အစိုးရတာဝန်ရှိသူက ခြိမ်းခြောက်ငွေညှစ်ခြင်းနှင့် မသမာသူတစ်စုက စူပါမားကတ်ရှိ အစားအစာများတွင် ညစ်ညမ်းမှုဖြစ်စေရန် ဆောင်ရွက်မည်ဟု ခြိမ်းခြောက်ခြင်းတို့ ဖြစ်ပါသည်။




အစားအစာကဏ္ဍတွင်သာမက အခြားမည်သည့်ကဏ္ဍတွင်မဆို လိမ်လည်လှည့်ဖြားမှုဖြစ်ပွားလေ့ရှိရာ ကျူးလွန်သူများကို လေ့လာရာတွင် လိမ်လည်လှည့်ဖြားမှု ကျူးလွန်သော လူ ၁၀ ဦးလျှင် ကိုးဦးမှာ ရာဇဝတ်မှုဆိုင်ရာ နောက်ကြောင်းရာဇဝင်ရှိသူများ မဟုတ်ပါ။ သို့ဖြစ်ရာ (မရည်ရွယ်ဘဲ) လိမ်လည်လှည့်ဖြားမှုကျူးလွန်ခြင်း ပြဿနာဖြေရှင်းရာတွင် သိရှိထားသင့်သော လိမ်လည်လှည့်ဖြားမှုတြိဂံ၏ အခြေခံအချက်သုံးချက်မှာ အခွင့်အလမ်း၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားနိုင်မှုနှင့် စေ့ဆော်သောအချက်များ (သို့မဟုတ်) ဖိအားတို့ ဖြစ်ပါသည်။

လိမ်လည်လှည့်ဖြားမှု ဖြစ်ပွားရန် အခြေအနေနှင့် ကြုံကြိုက်ပါက လူအများအနေဖြင့် မည်သို့တုံ့ပြန်ကြသည်ကို ပညာရှင်များ လေ့လာခဲ့ရာ "၁၀-၈၀-၁၀ ဥပဒေသ" အရ ကျူးလွန်ကြောင်း တွေ့ရှိခဲ့သည်။ အဓိပ္ပာယ်မှာ လူပေါင်း ၁၀၀ ရှိပါက ၁၀ ဦးမှာ လိမ်လည်လှည့်ဖြားမှု ကျူးလွန်မည့်သူများ လုံးဝမဟုတ်ပါကြောင်း၊ ဆန့်ကျင်ဘက်အနေဖြင့် ၁၀ ဦးမှာ လိမ်လည်လှည့်ဖြားမှု ကျူးလွန်နိုင်မည့် နည်းလမ်းများကို အားထုတ်ကြိုးပမ်း ကျူးလွန်ကြကြောင်း၊ ကျန်သော ၈၀ မှာမူ လိမ်လည်လှည့်ဖြားမှု ဖြစ်ပွားစေသည့် အခြေခံအချက် သုံးချက်အရ လိမ်လည်လှည့်ဖြားမှု ကျူးလွန်ကောင်း ကျူးလွန်ကြပါကြောင်း၊ သို့ဖြစ်ရာ ယင်းအခြေအနေများကြောင့် တာဝန်ရှိသူများအနေဖြင့် စောင့်ကြည့်ထိန်းချုပ်ခြင်း၊ ဥပဒေပြုခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း မှုခင်းပညာရှင်များက ထောက်ခံအကြံပြုထားပါသည်။

အစားအစာ လိမ်လည်လှည့်ဖြားမှု ဖြစ်ပွားပါက Vulnerability assessment critical control point–VACCP အသုံးပြု၍ စိစစ်ရန်ဖြစ်ရာ အားနည်းချက်/ပျော့ကွက်များကို ရှုထောင့်သုံးမျိုးမှ ဦးတည်စိစစ်ရန် လိုအပ်ပါသည်။ ထုတ်ကုန်တွင် ပါဝင်သော ပစ္စည်းဆိုင်ရာအချက်များ၊ လုပ်ငန်းအပေါ် သက်ရောက်သော အချက်များနှင့် သွင်းအားစုနှင့် လုပ်ငန်းထုတ်လုပ်မှု ကွင်းဆက်၏ မဟာဗျူဟာများကို ထိန်းချုပ်သည့်အချက်များတွင် ပျော့ကွက်များ ရှိ မရှိ စိစစ်ရန်ဖြစ်၍ ရှိပါက ပျော့ကွက် အနိမ့်/အမြင့်ကို ဆက်လက်စိစစ်ရန် ဖြစ်ပါသည်။

သို့မှသာ ပျော့ကွက်များ လျှော့ချ၍ လိမ်လည်လှည့်ဖြားမှုကို ကာကွယ်နိုင်မည် ဖြစ်ပါသည်။ အစားအစာထုတ်လုပ်မှုမှာ ကွဲပြားခြားနားရာ ထုတ်ကုန်၏ အရေးကြီးသော ပါဝင်ပစ္စည်းတိုင်းကို လိုအပ်သလို စိစစ်ရန်ဖြစ်သည်။ VACCP စိစစ်ခြင်းတွင် ဖြစ်နိုင်ခြေရှိသော ပျော့ကွက်များကို သတ်မှတ်ရန်၊ မသမာသောအလေ့အထများ ဖြစ်နိုင်ခြေရှိမှု အကဲဖြတ်ရန်၊ ထိန်းချုပ်မှု အစီအမံများကို သတ်မှတ်ရန်၊ မှတ်တမ်းထားရှိရန်နှင့် ပြန်လည်သုံးသပ်ရန် စသည့်အဆင့်များပါဝင်ပြီး ယင်းတို့ကို ဆောင်ရွက်ရာတွင် တစ်ကြိမ်သာ ဆောင်ရွက်ရမည့် အစီအမံမဟုတ်ဘဲ အမြဲမပြတ် ဆန်းစစ်နေရန် လိုအပ်ပါသည်။

အစားအစာ လိမ်လည်လှည့်ဖြားမှု ဖြစ်ပွားမှုသည် ဆောင်ရွက်နေကျဖြစ်သော ပုံမှန်ကုန်သွယ်ရောင်းဝယ်မှုတွင်သာမက အီးကောမတ်စ်တွင်လည်း ဖြစ်ပွားရာ အစိုးရ၏ အီးကောမတ်စ်ဥပဒေ၊ နည်းဥပဒေများမှတ်ပုံတင်ခြင်းဆိုင်ရာ လိုအပ်ချက်များအပြင် အီးကောမတ်စ်ထိန်းချုပ်သော ပုဂ္ဂလိကပလက်ဖောင်းများကို ထိန်းချုပ်ကွပ်ကဲရန် လိုအပ်မည် ဖြစ်ပါသည်။ အစားအစာ လိမ်လည်လှည့်ဖြားမှု ဖြစ်ပွားမှုဖော်ထုတ်ရာတွင် သိပ္ပံပညာအခြေခံ၍ အချက်အလက်အထောက်အထားဖြင့် သက်သေပြသမှသာ ထိန်းချုပ်အရေးယူနိုင်မည်ဖြစ်ရာ သာမန်နည်းပညာများဖြင့် လုံလောက်မှုရှိရန် မလွယ်ကူဘဲ ခေတ်မီနည်းပညာများကို အသုံးချရန်လိုအပ်သည် ဖြစ်ရာ နည်းပညာအရ ရှုပ်ထွေး၍ ငွေကုန်ကြေးကျများပြားစွာ လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ အစားအစာ လိမ်လည်လှည့်ဖြားမှု အန္တရာယ်မှ ကာကွယ်တားဆီးနိုင်မှသာလျှင် ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သူများ၏ စီးပွားရေးပုံမှန်လည်ပတ်နိုင်မည်ဖြစ်ပြီး ယုံကြည်မှု ပျက်စီးပြိုလဲခဲ့ပါက ပြန်လည်ထူထောင်ရန် နှစ်ပေါင်းများစွာ ကြာမြင့်တတ်ပါသည်။ ထိုပြဿနာကိုဖြေရှင်းရန် နိုင်ငံအဆင့် အစားအစာလိမ်လည်လှည့်ဖြားမှု အဓိပ္ပာယ်ဖွင့်ဆိုရန်၊ ယင်းကို (ပုံမှန်ကုန်သွယ်ရောင်းဝယ်မှုနှင့် အီးကောမတ်စ်အတွက်ပါ) ဖြေရှင်းနိုင်ရေး မူဘောင်တစ်ခုရေးဆွဲရန်၊ နိုင်ငံအဆင့် အစားအစာ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးများကို နိုင်ငံတကာစံချိန်စံညွှန်းရေးဆွဲရေးအဖွဲ့များ၏ စံသတ်မှတ်ချက်များအပေါ် အခြေခံ၍ တန်ပြန်အစီအမံများ ချမှတ်ရန်၊ ခေတ်အမီဆုံးသော နည်းပညာအသုံးချမှု လိုအပ်ချက် ဖြည့်ဆည်းထားရန်နှင့် နည်းပညာခိုင်မာစေရေး အဆင်သင့်ပြင်ဆင်ထားရန် ပညာရှင်များက ထောက်ခံအကြံပြုထားပါသည်။

အစားအစာ ကုန်သွယ်မှုတွင် လိမ်လည်လှည့်ဖြားမှု မကြာခဏ ဖြစ်ပေါ်လေ့ရှိရာ လယ်ယာထွက်ကုန်တင်ပို့သော မိမိတို့နိုင်ငံအတွက် အရေးကြီးသော ကိစ္စတစ်ရပ် ဖြစ်ပါသည်။ နိုင်ငံတကာစံချိန်စံညွှန်းများအပေါ် အခြေခံ၍ တန်ပြန်အစီအမံများချမှတ်ရန်၊ နည်းပညာခိုင်မာစေရေး ခေတ်မီနည်းပညာများ၊ စက်ကိရိယာများကို အသုံးချ၍ လိုအပ်ချက်များကို အဆင်သင့် ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် ဥပဒေပြု၍ တားဆီးရုံမျှမက ဥပဒေ၏ အာဏာသက်ရောက်မှု ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မှသာ အထိအခိုက်၊ အကုန်အကျ နည်းပါးသက်သာစွာဖြင့် အစားအစာ လိမ်လည်လှည့်ဖြားမှု ပြဿနာကို ကာကွယ်တားဆီးနိုင်မည် ဖြစ်ပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

**ရင်းမြစ်–**

The Consumer Protection law 2019 (Myanmar), IFT. org, foodfraud preventionthinktank.com and fraud triangle

**ကိုးကား**

(၁) စားသုံးသူကာကွယ်ရေးရာဥပဒေ (၂၀၁၉) the CP law of 2019
(၂) Prescreening Ingredients for a Food Fraud Vulnerability Assessment – IFT. org
(၃) Food Fraud in the WTO Report on Trade and Food Standards foodfraud preventionthinktank.com
(၄) fraud Triangle Components Explained by embroker

## ကုလားပဲဈေးကွက်ကောင်းနေပြီး ဝယ်လိုအားလည်းရှိနေ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ကုလားပဲဈေးကွက် ကောင်းနေပြီး ဝယ်လိုအားလည်းရှိနေကြောင်း ပဲအမျိုးမျိုးရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သိရသည်။

လက်ရှိတွင် ကုလားပဲတစ်အိတ် ဈေးနှုန်းမှာ သုံးသိန်းခန့် ဈေးပေါက်လျက်ရှိပြီး ပဲကြိတ်သူများက ဝယ်ယူသည့်အတွက် ကုလားပဲ အဝယ်လိုက်ကြောင်း သိရသည်။

"ကုလားပဲက အခုဆိုတစ်အိတ် သုံးသိန်း ပတ်ချာလည်လောက်ရှိတယ်။ ပဲကြိတ်တဲ့သူတွေ ဝယ်ကြတယ်။ ပြည်ပဈေးကွက် အဲဒီလောက်မရှိပေမယ့် ပြည်တွင်းဈေးကွက်ရှိတယ်။ ပုံမှန်ရှိတယ်၊ ပုံမှန်လေးပဲသွားတယ်။ အရင်ကထက်စာရင်တော့ ဈေးနည်းနည်းတက်သွားတယ်။ တစ်အိတ်ကို တစ်သောင်းနှစ်သောင်း ပတ်ချာလည်လောက် တက်တယ်။ ဝယ်လိုအားလည်းရှိတယ်"ဟု ပဲအမျိုးမျိုးရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ ကုန်သည်တစ်ဦးက ပြောသည်။

ယခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်း၌ မတ်ပဲနှင့် ပဲစင်းငုံနီဈေးများ မြင့်တက်လာသော်လည်း ပြောင်းဆန်နှင့် ကုလားပဲဈေးများ ငြိမ်နေခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်၏ မှတ်တမ်းများအရသိရသည်။

လက်ရှိတွင် ကုလားပဲခြမ်း တစ်ပိဿာကို ၆၁၅၀ ကျပ်မှ ၆၄၅၀ ကျပ်၊ ကုလားပဲဖြူလုံးအသေး တစ်ပိဿာကို ၄၈၃၀ ကျပ်မှ ၄၉၂၀ ကျပ်၊ ကုလားပဲဖြူလုံးအကြီး တစ်ပိဿာကို ၄၉၆၅ ကျပ်မှ ၅၀၅၀ ကျပ် ဝန်းကျင် ဈေးပေါက်နေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင် မှတ်တမ်းများအရ သိရသည်။

**သစ်တော်**

## ငဖဲမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းဆောင်ရွက်

**ငဖဲ ဇန်နဝါရီ ၂၃**

ငဖဲမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းဖြစ်သည့် အဆောက်အအုံ မှတ်တမ်းတင်ခြင်း လုပ်ငန်းကို မြို့မရပ်ကွက်၌ ဇန်နဝါရီ ၂၂ ရက်မှစ၍ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးပွားမောင်က ဦးဆောင်၍ ဒုဦးစီးမှူး ဒေါ်ချောစုထွန်းနှင့် ဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် အဆောက်အအုံ မှတ်တမ်းတင်ခြင်း လုပ်ငန်းကို သတ်မှတ်ဆော့ဝဲလ် အသုံးပြု၍ မြို့မရပ်ကွက်မှ စတင်ပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ရာ လူနေ/မနေ အဆောက်အအုံ (၁၃ ခု၊ အိမ်ထောင်စု ၁၁ စုအတွက် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**

## ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)မှ ကျောင်းသားများကိုယ်တိုင် ပေါင်မုန့်များ ထုတ်လုပ်နေပြီး အဝယ်လက်ခံရမှုများရှိ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)မှ ကျောင်းသားများကိုယ်တိုင် ပေါင်မုန့်များ ထုတ်လုပ်နေပြီး အဝယ်လက်ခံရမှုများရှိကြောင်း အထက်ပါကျောင်းမှ သိရသည်။

"ကျွန်မတို့က ခုမှစကြော်ငြာတာ။ လာတော့အားပေးကြပါတယ်။ တချို့ကျတော့သတင်းကြားပြီး လေးလပိုင်းမှာဆို ကျွန်မတို့ကို အော်ဒါမှာထားတာရှိတယ်။ များတော့ မများသေးဘူး။ သူတို့က အခုမှသင်ရင်းနဲ့လုပ်နေတုန်းပါ။ ပေါင်မုန့်အမျိုးအစားကိုပဲ မျိုးစုံလုပ်တာ။ ကိတ်မုန့်လိုင်းကိုတော့ မသွားသေးဘူး။ ပေါင်မုန့်ထဲက ပဲနို့ပေါင်မုန့်၊ ပဲပေါင်မုန့် ပြီးရင် ဗနီကာတို့ဘာတို့ အဲဒီလိုပေါင်မုန့်မျိုးစုံ သူတို့လုပ်တယ်"ဟု တာဝန်ရှိသူ တစ်ဦးက ပြောသည်။

အဆိုပါ ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)မှ ထုတ်လုပ်သော ပေါင်မုန့်မျိုးစုံကို မုန့်ဖုတ်ဝါသနာပါသည့် အထက်ပါကျောင်းရှိ လေးတန်းမှ ကိုးတန်းအထိ ကျောင်းသားများက ထုတ်လုပ်နေခြင်းဖြစ်ကာ ကျောင်းသူများ မပါဝင်ကြောင်းနှင့် အွန်လိုင်းမှ အားပေးမှုများလည်းရှိကြောင်း သိရသည်။

"မုန့်ဖုတ်တာ ဝါသနာပါတော့ မုန့်လုပ်တယ်။ ကျောင်းတက်ရင်း လုပ်ကြတာပေါ့။ ကျွန်မတို့ကို အွန်လိုင်းကနေပြီးတော့ ဆက်သွယ်ကြတယ်။ အွန်လိုင်းကမှာတာကို မပို့နိုင်သေးပါဘူး။ တချို့တွေကို ပြန်ပြီးငြင်းရတယ်"ဟု ၎င်းက ရှင်းပြသည်။

ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)တွင် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများအပါအဝင် စုစုပေါင်း ၁၂၂ ဦးရှိပြီး ၎င်းထဲတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၅ ဦးရှိကြောင်း သိရသည်။

**သစ်တော်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘားအံမြို့နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဘားအံ ဇန်နဝါရီ ၂၃**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၂ ရက်က ဘားအံမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာအုပ်စု တောကြီးကွင်း၌ ဟင်းသီးဟင်းရွက်စံပြစိုက်ခင်း ၁၃ ဒသမ ၉၆ ဧက၌ တောင်သူများ၏ သခွား၊ ဖရဲ၊ ငရုတ်၊ ဖူးစားပြောင်း၊ ခရမ်း၊ ခရမ်းချဉ်၊ ပဲတောင့်ရှည်၊ ရုံးပတီ၊ ခဝဲ အစရှိသည့် ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၅ သန်းဖြင့် စိုက်ဧက ၂၀၀ ကျော်ကို အကျိုးပြုနိုင်မည့် ဖာလင်(၂) နန်းသွင်းမြောင်း တူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိန်းမလှကျွန်းကျေးရွာ မာလာရိုးရေသွင်း/ရေနုတ် မြောင်းဘေးဝဲယာရှိ တောင်သူများ၏ ဆီထွက်သီးနှံ ဆောင်းမြေပဲ၊ ပဲအမျိုးမျိုး၊ ဖူးစားပြောင်းနှင့် ဟင်းသီးဟင်းရွက် စားဖိုဆောင်သီးနှံစိုက်ခင်းများ၊ ထုံးအိုင်-မိန်းမလှကျွန်း ကားလမ်းမကြီးဘေးတွင် တောင်သူများ၏ ဖူးစားပြောင်းများ ရိတ်သိမ်းခြွေလှေ့၍ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်သာမန်အသုံးစရိတ်ရန်ပုံငွေကျပ် သန်း ၁၉ ဒသမ ၅ ဖြင့် စိုက်ပျိုးဧက ၂၁၀ ကျော် အကျိုးပြုနိုင်မည့် ဖဲကတာတူးမြောင်းမကြီး လက်တံ(၁) ပြန်လည်တူးဖော်ခြင်းလုပ်ငန်း၊ ပြည်နယ်သာမန်အသုံးစရိတ်ရန်ပုံငွေကျပ် ၁၈ သန်းဖြင့် စိုက်ပျိုးဧက ၅၀ ကျော် အကျိုးပြုနိုင်မည့် ဖဲကတာတူးမြောင်းမကြီးလက်တံ(၂) ပြန်လည်တူးဖော်ခြင်းလုပ်ငန်း၊ ပြည်နယ်သာမန်အသုံးစရိတ်ရန်ပုံငွေကျပ်သန်း ၁၉ ဒသမ ၅ ဖြင့် စိုက်ပျိုးဧက ၅၀ ကျော် အကျိုးပြုနိုင်မည့် ဖဲကတာတူးမြောင်းမကြီးလက်တံ(၃) ပြန်လည်တူးဖော်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖအွံ့ကျေးရွာ-ဖဲကတာ လမ်းဘေးမြောင်းတွင် စက်ယန္တရားနှင့် ယာဉ်များသွားလာနိုင်သည့် ကုန်ထုတ်တံတားနှစ်စင်း တည်ဆောက်ပေးနိုင်ရေး လျာထားဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၁၂၀ ဖြင့် စိုက်ပျိုးမြေဧရိယာ ၂၅၀ ကျော်ကို အကျိုးပြုနိုင်မည့် ဖအွံ့-ကော့ကျိုက်ကျေးရွာအုပ်စု ကော့ကလွေ့ရိုးပေါ်တွင် ရေတံခါးလေးပေါက် တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကော့ကလွေ့ရေတံခါးသွားရာလမ်းတွင် မြောင်းကူးတံတားတည်ဆောက်ပေးနိုင်ရေး လျာထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကပ်ရောဂါအသွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ဆေးများကို ရာနှုန်းပြည့်ထိုးနှံတိုက်ကျွေးနိုင်ရေး ညှိနှိုင်းစည်းဝေး

**ပဲခူး ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ၂၂ ရက်က ကပ်ရောဂါအသွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တိရစ္ဆာန်မှတစ်ဆင့် ကူးစက်ဖြစ်ပွားသော ရောဂါများနှင့်ပတ်သက်၍ တစ်ခုတည်းသောကျန်းမာရေး နည်းလမ်းဖြင့် ဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီးအဆင့် အသိပေးညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီဟက မြန်မာနိုင်ငံတွင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများမှာ နှစ်စဉ် ရောဂါတစ်ခု မဟုတ်တစ်ခု ကပ်ရောဂါအသွင်ဖြင့် ဖြစ်ပွားလျက်ရှိနေပြီး သေဆုံးမှုများကိုလည်း တွေ့နေရဆဲဖြစ်ကြောင်း၊ ကာကွယ်ဆေးများကို ပုံမှန်အစီအစဉ်အတိုင်း ရာနှုန်းပြည့် ထိုးနှံတိုက်ကျွေးနိုင်ရေးမှာ အလွန်အရေးကြီးသကဲ့သို့ တစ်ဖက်တွင်လည်း ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုရန်လည်း အလွန်အရေးကြီးကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအတွင်း ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ ကင်းစင်ပပျောက်ရေးနည်းဗျူဟာ၊ ရည်မှန်းချက်များကို ရာနှုန်းပြည့် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် တိရစ္ဆာန်မှတစ်ဆင့် ကူးစက်ဖြစ်ပွားသော ရောဂါများ အပါအဝင် ကူးစက်ရောဂါတစ်မျိုးချင်းစီ၏ မျက်ခြည်မပြတ်စောင့်ကြပ် ကြည့်ရှုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ပိုမိုဆောင်ရွက်လာနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။



အဆိုပါအစည်းအဝေးတွင် တက်ရောက်လာကြသည့် ဆေးရုံအုပ်များ၊ သမားတော်များ၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကာကွယ်ဆေးဖြင့်ကာကွယ်၍ရသော ရောဂါများဖြစ်ပွားမှု၊ သေဆုံးမှုများ၊ ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ၊ ခွေးရူးပြန်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ၊ လစဉ်ပေးပို့ကြရမည့် report များနှင့် ရှေ့ဆက်လုပ်ဆောင်ကြမည့်လုပ်ငန်းစဉ်များကို ဇန်နဝါရီ ၂၂ရက်မှ ၂၃ ရက်အထိ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်ထက်**

## ပင်လောင်းမြို့နယ်ရှိ ယာယီတိုက်ပွဲရှောင်များအား ထောက်ပံ့

**ပင်လောင်း ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ယာယီတိုက်ပွဲရှောင်များအား နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အခြေခံစားသောက်ကုန်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ အဝတ်အထည်များအား ယနေ့ နံနက်ပိုင်းက ဘက်စုံသုံးခန်းမ၌ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့ပေးသည့် အိမ်ထောင်စုတစ်စုလျှင် ဆန် ခြောက်ပြည်၊ ဆီ ၂၅ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သား၊ ဆားတစ်ပိဿာ၊ ခေါက်ဆွဲခြောက် ငါးထုပ်၊ ကြက်ဥ ၁၀ လုံး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တစ်ဦးလျှင် အဝတ်တစ်ထည်နှင့် ဆပ်ပြာမွှေးခဲ တစ်ခဲတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်က သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေးဝန်ထမ်းများနှင့် ယာယီတိုက်ပွဲရှောင်များထံသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။

ပင်လောင်းမြို့နယ် အတွင်းသို့ ယာယီတိုက်ပွဲရှောင်အိမ်ထောင်စု ၉၄၇ စု၊ လူဦးရေ ၃၄၈၃ ဦး ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်

## မန်းရွှေစက်တော်ဘုရားပွဲတော်ကာလ မင်းဘူး-ရွှေစက်တော် မော်တော်ယာဉ်လိုင်း ပြေးဆွဲမည်

**မင်းဘူး ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော် ကြီးကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် (တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း တစ်ရက်)နေ့အထိ ရက်ပေါင်း ၆၄ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဘုရားဖူးလာရောက်ကြသူများ သွားလာရေး အဆင်ပြေစေရန်အတွက် မင်းဘူး-ရွှေစက်တော် ခရီးသည်တင် မော်တော်ယာဉ်လိုင်းကို ဖေဖော်ဝါရီလအတွင်း စတင်ပြေးဆွဲပေးမည်ဖြစ်ကြောင်း မင်းဘူးခရိုင် ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီထံမှ သိရသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကာလအတွင်း သွားလာရေးလွယ်ကူချောမွေ့စေရန် မင်းဘူးမြို့ မြောက်လှည်းကောက် အဝိုင်းပတ်ဂိတ်၌ အောင်မန်းမော်တော်ယာဉ်ငယ်လိုင်းက ဖေဖော်ဝါရီ ၁၄ ရက်မှစတင်ကာ နေ့စဉ် နံနက် ၆ နာရီမှ ည ၆ နာရီအထိ မင်းဘူး-ရွှေစက်တော်ယာဉ်လိုင်းကို ပြေးဆွဲမည့်အပြင် အဆိုပါယာဉ်လိုင်းမှ မန်းရွှေစက်တော်ဘုရားကြီး၌ တောင်ပေါ်-တောင်အောက် (အတက်-အဆင်း) ခရီးစဉ်ကိုလည်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ယာဉ်လိုင်းပြေးဆွဲရာမှာ အောင်မန်းမော်တော်ယာဉ်ငယ်လိုင်းက ၁၂ ယောက်နဲ့ ၁၅ ယောက်ဆံ့ မှန်လုံယာဉ်ငယ်တွေနဲ့ မင်းဘူး-ရွှေစက်တော်ခရီးစဉ်ကို ယာဉ် ၁၀ စီး၊ တောင်ပေါ်-တောင်အောက် (အတက်-အဆင်း)ခရီးစဉ်ကို ယာဉ်အစီး ၂၀ စုစုပေါင်း မော်တော်ယာဉ်အစီးရေ ၃၀ ခန့်နဲ့ ပြေးဆွဲပေးမှာပါ။ ယာဉ်အစီးရေ လုံလောက်မှုမရှိရင် ထပ်မံဖြည့်တင်းဆောင်ရွက်ပေးမှာဖြစ်ပြီး ယာဉ်စီးခနှုန်းထားကိုတော့ စက်သုံးဆီ ဈေးနှုန်းအပေါ်မူတည်၍ သတ်မှတ်ထားပါတယ်" ဟု ခရိုင်ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရာဇာကိုကိုက ပြောသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကာလ ယာဉ်လိုင်းများပြေးဆွဲရာ၌ ယာဉ်စီးခနှုန်းထားများကို မင်းဘူး-ရွှေစက်တော်ခရီးစဉ်အတွက် အသွား ကျပ် ၆၀၀၀၊ အပြန် ကျပ် ၆၀၀၀ နှုန်း၊ တောင်ပေါ်-တောင်အောက် ခရီးစဉ်အတွက် အတက် ကျပ် ၁၀၀၀၊ အဆင်း ကျပ် ၁၀၀၀ နှုန်းဖြင့် ယခင်နှစ်အတိုင်း သတ်မှတ်ထားပြီး ပွဲတော်ကာလအတွင်း စက်သုံးဆီဈေးနှုန်း အတက်အကျအပေါ်မူတည်၍ ယာဉ်စီးခနှုန်းထားများ အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ဌာနဆိုင်ရာဝန်ထမ်းများအား ဆန်နှင့်ဆီ ဖြန့်ဖြူးရောင်းချ

**ဘားအံ ဇန်နဝါရီ ၂၃**

ကရင်ပြည်နယ် ဘားအံမြို့ပေါ်ရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ သက်သာချောင်ချိရေး အတွက် ပြည်နယ်အစိုးရ၏ ညွှန်ကြားချက်နှင့်အညီ ပြည်နယ်သမဝါယမဦးစီးဌာန အစီအစဉ်ဖြင့် သမဝါယမ ဦးတည်ချက်၊ ရည်မှန်းချက်များနှင့်အညီ နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် ရယူဆောင်ရွက်လျက်ရှိသော ဘားအံမြို့နယ်ရှိ ဆန်စက်လုပ်ငန်းရှင်များ သမဝါယမအသင်းနှင့် ဆီစက်လုပ်ငန်းရှင်များ သမဝါယမအသင်းတို့မှ ဒေသတွင်း ထုတ်လုပ်သည့် ဆန်နှင့်ဆီများအား ပြင်ပပေါက်ဈေးထက် သက်သာသော နှုန်းထားဖြင့် ရောင်းချပေးခဲ့သည်။

ဇန်နဝါရီ ၁ ရက်မှစ၍ ဘားအံမြို့ပေါ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများသို့ ဆန် ၂၅ အိတ်၊ တန်ဖိုးငွေကျပ်၂၄၆၀၀၀၀ နှင့် မြေပဲဆီ ၁၅ ပိဿာ တန်ဖိုးငွေကျပ် ၂၂၅၀၀၀၊ စုစုပေါင်းငွေကျပ် ၂၆၈၅၀၀၀ အား ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်းနှင့် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် စဉ်ဆက်မပြတ် ဖြန့်ဖြူးရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂) လူနေရပ်ကွက်အမှတ်(၅၂)၊ စံပါယ်ဦး(၂)လမ်း၊ မြေကွက်အမှတ်(၅၂၉)၊ အကျယ်အဝန်း(၅၀ပေ × ၆၀ပေ)ရှိ ဦးဝင်းမြင့်ဦး(N/OKA-၀၉၁၇၀၁)အမည်ပေါက် မြေချပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိပ်ရသေးသော မြေကွက်အမှတ်(၅၂၈)နှင့်ကပ်လျက်( မြေရင်းခြမ်း)အကျယ်အဝန်း(၂၅ပေ × ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးစိုးမောင်မောင် (၁၂/ဥကတ(နိုင်)၁၆၄၇၂၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဦးဇော်မျိုးနိုင် | ဒေါ်ဆောင်းဝတ်ရည်နှင်း |
| LL.B, D.B.L | LL.B, D.B.L |
| အထက်တန်းရှေ့နေ(စဉ်–၄၅၆၅၃) | အထက်တန်းရှေ့နေ(စဉ်–၅၀၅၇၃) |

အမှတ်(၇၂)၊ မြေညီထပ်၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉၂၅၀၂၉၀၇၈၁၊ ၀၉၇၉၆၇၆၇၇၂၅


## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် MRTV(HD) Channel မှ Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၂၆-၁-၂၀၂၄)ရက် (သောကြာနေ့)ညတွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းတိုင်းရင်းသားတီးဝိုင်းအဖွဲ့နှင့်အတူ ရှမ်းတိုင်းရင်းသား/သူတေးသံရှင်များ စုပေါင်းသီဆိုမည့် **"ကမ္ဘောဇချယ်ရီ"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ရာ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်.

**(၂၆-၁-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ "ကမ္ဘောဇချယ်ရီ" တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၃)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | စိုင်းတို့ချယ်ရီမြေ | တိုင်းရင်းသားအဆိုရှင် |
| ၂။ | ရှမ်းတောင်တန်းရဲ့ခလေ့ထုံးစံ | တိုင်းရင်းသူအဆိုရှင် |
| ၃။ | ရိုးရာမပျက်တဲ့မြေ | တိုင်းရင်းသားအဆိုရှင် |
| ၄။ | အရိပ်မရှိတဲ့နေရာ | တိုင်းရင်းသားအဆိုရှင် |
| ၅။ | မေ့လိုက်တော့ | တိုင်းရင်းသူအဆိုရှင် |
| ၆။ | ချစ်တဲ့ရှမ်းနီမလေး | တိုင်းရင်းသားအဆိုရှင် |
| ၇။ | ကြည်နူးစရာပင်လောင်းမြို့ | တိုင်းရင်းသားအဆိုရှင် |
| ၈။ | ချစ်သူအတွက် | တိုင်းရင်းသူအဆိုရှင် |
| ၉။ | ညောင်ညိုရိပ်ကချစ်စကား | တိုင်းရင်းသားအဆိုရှင် |
| ၁၀။ | ထွေးခမ်း(ချစ်ရတဲ့ခမ်းရေ) | တိုင်းရင်းသားအဆိုရှင် |
| ၁၁။ | ငွေတောင်တန်းဆီပြန်လာပါ | တိုင်းရင်းသူအဆိုရှင် |
| ၁၂။ | အချစ်ဟောင်းအတွက်တေး | တိုင်းရင်းသားအဆိုရှင် |
| ၁၃။ | လတ်တီး | Group Song |

## ပေါင်းတည်၌ အငြိမ်းစားဝန်ထမ်းများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်

**ပေါင်းတည် ဇန်နဝါရီ ၂၃**

ပေါင်းတည်မြို့နယ် ပြည်သူ့ဆေးရုံ၌ အငြိမ်းစားဝန်ထမ်းများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဇန်နဝါရီ ၂၂ ရက်နံနက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါ်သန်းသန်းချစ်က အနီးကပ်ကြီးကြပ်၍ ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းဟောင်းများအား ကျန်းမာရေး စမ်းသပ်စစ်ဆေးပေးခြင်း၊ လိုအပ်သည့်ဆေးဝါးများ ထောက်ပံ့ပေးခြင်းများကို အခမဲ့ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့ပြအငြိမ်းစားဝန်ထမ်း ၉၄ ဦး၊ ကာကွယ်ရေးအငြိမ်းစား ရှစ်ဦး၊ နိုင်ငံရေးအငြိမ်းစားဝန်ထမ်း ခြောက်ဦး စုစုပေါင်း ၁၀၈ ဦးကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သူရကြီး (ပြန်/ဆက်)**




မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | – | အောင်နိုင်ဦး |
| **ခေတ္တစာတည်းမှူး** | – | မြင့်စိုး |
| **သတင်းထောက်မှူး** | – | ခင်ရတနာ |
| **စာတည်းများ** | – | ကြည်ဝင်း၊ ဝင်းကျော် |
| **ဘာသာပြန် စာတည်း** | – | ခြူးစန္ဒီဆွေး၊ တင်လင်းအောင် |
| **အကြီးတန်း သတင်းထောက်များ** | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| **အငယ်တန်း သတင်းထောက်များ** | – | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| **ဓာတ်ပုံ သတင်းထောက်** | – | တင်စိုး |
| **သုတေသန** | – | အိအိခင်နှင့် အဖွဲ့ |
| **စာပြင်** | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| **အီးမေးနှင့် အွန်လိုင်း** | – | သက်လွင်ဦးနှင့် အဖွဲ့ |
| **ထုတ်ဝေခြင်းအမှတ်** | – | (၀၁၀၉၃) |
| **ပုံနှိပ်ခြင်းအမှတ်** | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ–** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်–**၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၁ - ၂၀၂၄

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၉၅ ကျပ် | ၂၅၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၈၅ ကျပ် | ၂၆၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၂၀ ကျပ် | ၂၇၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၂၅၃ | ၂၂၀၁၁၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၃၁၁၆၉ | ၈၈၉၉၀၁၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၅ | ၃၉၅၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၅၆၂ | ၈၇၁၁၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၅၂ | ၁၃၀၀၀၀ |
| EFR | ၂၀၀၀ | ၁၉၅၀ | ၃၁၁ | ၅၉၁၃၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၅၀ | ၂၃၅၀၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၅၀၄၀ | ၈၅၇၀၀၀၀ |

ညီညီ – စုစည်းသည်

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 67W/90115, Kenbo-125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ထိုက် ၁၄/ဟသတ(နိုင်)၃၃၇၇၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/19735, Honda Click, M/C အား စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ NCX Myanmar Co.,Ltd. မှ ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/2481, Honda Wave 110, M/C အား စစ်တွေမြို့၊ ကျောင်းကြီးလမ်းရပ်ကွက်နေ NCX Myanmar Co., Ltd. မှ ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်လျှောက် ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားအား အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ မြမာလာကျေးရွာ၊ မဟာစည်လမ်းတွင် ကျွန်တော် ဦးတင့်လွင်(ဘ) ဦးသောင်းလွင်၊ ၁၀/သဖရ(နိုင်)၀၇၁၈၃၅ မှ "MAXIMUM" သောက်ရေသန့်တံဆိပ် အမည်အမှတ်အသားအား (၁၂-၁-၂၀၂၄) ရက်နေ့တွင် သံဖြူဇရပ်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး ၌ မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် သောက်ရေသန့် အမျိုးမျိုးကို ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားကို အခြားသူတစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ အခြားအဖွဲ့အစည်းမှသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပုံတူပုံမှား၊ ဆင်တူယိုးမှား ပြုလုပ်သုံးစွဲနေသည်ကို မြင်တွေ့ကြားသိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် ကုန်ကျစရိတ်အဝဝကို လျော်ကြေးငွေများ တောင်းဆိုသွားရန်နှင့် သံဖြူဇရပ်မြို့နယ်တရားရုံးတွင် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တုပပြုလုပ် သူနှင့်တုပပြုလုပ်သည့်တံဆိပ်အမှတ်အသားများကို တရားဝင်ပယ်ဖျက်ပေးသည်အထိ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။ အထက်ဖော်ပြပါလုပ်ငန်းအမှတ်အသားတံဆိပ်အား သုံးစွဲခြင်းကို ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့် ကွက်နိုင်ပါသည်။

**ဦးတင့်လွင် ၁၀/သဖရ(နိုင်) ၀၇၁၈၃၅**
**အမှတ်(၁၂)၊ ဗိုလ်ချုပ်လမ်း၊ မြို့မဈေးရပ်ကွက်၊ ကျိုက္ခမီမြို့။**
**PH: 09-425269842**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဆင်မရဲကျေးရွာအုပ်စု၊ ဆင်မရဲကျေးရွာနေ (ဘ)ဦးတင်မောင်ဦး၏ သား၊ ကျွန်တော် မောင်စည်သူထွန်း (၈/ရစက(နိုင်)၂၅၂၁၂၂)၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် (MF-625377)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၇၆၅၃၅၁၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀.၁၁၅ ဧကရှိ ဒေါ်လင်းလင်းခိုင် ၁/ကမန(နိုင်)၀၅၁၅၆၈(ဘ)ဦးလေးမြင့် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၁၀၉၅)ကို မြစ်ကြီးနားမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၆၉/၂၀၂၂(၁၆-၈-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မေမီဝင်းထွန်း ၁၄/ဟသတ (နိုင်)၂၆၇၁၉၁(ဘ)ဦးစိုးမြင့်မှ ဦးသန်းထွဋ်ဦး ၁၂/သဃက(နိုင်)၀၀၁၁၄၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဦးမျိုးမြင့်အောင် ၉/ပမန(နိုင်)၀၂၃၇၄၇ (ဘ)ဦးအောင်ကျော် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၁၄၂၅)ကို ပျဉ်းမနားမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၅၄/၂၀၂၃ (၁၁-၉-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးမြတ်ထွဋ် ၇/ပမန(နိုင်)၀၂၇၆၃၀ (ဘ)ဦးမြင့်စိုးမှ ဒေါ်စန်းစန်းစီ ၆/မမန(နိုင်)၁၁၃၉၈၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မုံရွာမြို့၊ ရုံးကြီးရပ်(သလ္လာဝတီရပ်ကွက်)နေ ဦးထွန်းထွန်းဝင်း-ဒေါ်ရီရီမော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးအောင်မင်း(ခ)ဦးပြူး-ဒေါ်ခင်လှိုင်(ရန်နိုင်မြင့်မိသားစု) တို့၏မြေး၊ ဦးထွန်းထွန်းဝင်း-ဒေါ်ရီရီမော်တို့၏သား၊ ဦးခန့်ညီထွန်း(ဘ)ဦးထွန်းထွန်းဝင်း ၅/မမန(နိုင်)၁၁၀၄၃၈ သည် ဘိုးဘွား၊ မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သား အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ ဦးခန့်ညီထွန်းနှင့် ပတ်သက်ဆက်နွယ်သက်ဆိုင်ခြင်း မရှိတော့သည့်အတွက် ၎င်းနှင့်ပတ်သက်သည့် မည် သည့်ကိစ္စကိုမျှ ကျွန်ုပ်တို့ကို လွှဲအပ်ညွှန်ကြားသူ မိတ်ဆွေများမှ တာဝန်ယူဖြေရှင်း ပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းထွန်းဝင်း၊ဒေါ်ရီရီမော်**

**ဒေါ်စိမ့်ဝတ်ရည်ထက် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၅၃၂)**

**ဒေါ်အေးဖြိုးဇန် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၅၅၃၈)**

**၅၈-ဘီလမ်း၊၁၁၁-အေလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၄၀၂၅၅၉၂၄၃**

## အယူခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ ၁၄)**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**၂၀၂၃ ခုနှစ်၊ တရားမအယူခံမှုအမှတ်-၃၀၅**

| | | |
|---|---|---|
| ဒေါ်ကြေးမုံဝင်း | နှင့် | ဒေါ်မာလာအေး |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ ၂၀၁၉ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ် ၆၆၇ ကိုအယူခံမှု။

အယူခံတရားပြိုင် ဒေါ်မာလာအေး၊ အမှတ် ၈၆၃၊ မန္တလေးလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ (၃၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က ချပေးသည့် ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မေလတ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ပတ်စ်ပို့ပျောက်

ကျောက်တလုံးကြီးမြို့နယ်၊ နောင်ကားရွာနေ (ဘ)ဦးပေ၏သား ခွန်စိုးနိုင် ၁၃/ကတလ(နိုင်)၀၀၆၇၈၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် MD-200138သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၇၄၄၄၃၀၀**

## ပတ်စ်ပို့ပျောက်

ပင်လုံမြို့၊ ဝမ်မိုင်ရွာနေ (ဘ) စိုင်းအာရိယ၏သား စိုင်းယွန်း ၁၃/လလန(နိုင်)၀၈၅၅၅၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် ME-270455သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၂၇၅၃၀၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်လုံတက္ကသိုလ်၊ ရူပဗေဒ အထူးပြု၊ ခုံအမှတ် ၄ရပ-၁၃ နန်းစံဖောင်း ၁၃/ပလတ (နိုင်) ၀၁၅၂၁၄၏ ဖခင် ဦးစိုင်းလိတ်(ခ) ဦးစိုင်းနန္ဒော ၁၃/လလန (နိုင်)၀၂၈၉၆၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်လုံတက္ကသိုလ်၊ ဒသနိက ဗေဒအထူးပြု၊ ခုံအမှတ် ၄ဒ-၁ နန်းသန်းသန်းဦး ၁၃/လလန (နိုင်)၁၁၃၈၀၆၏ ဖခင် ဦးထွက်ညွှန်း(ခ)ဦးခွန်မောင်ညွှန့် ၁၃/လလန(နိုင်)၀၅၇၂၆၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၂)လမ်း၊ အမှတ် ၈၅၈၊ နှစ်ခန်းတွဲRC(၆) ထပ်တိုက်မှ စတုတ္ထထပ်၊(၅-လွှာ)၊(တိုက်မျက်နှာမူ လက်ဝဲဘက်အခန်း)၊ ဧရိယာ ၅၁၇.၅ စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လှလှဆန်း ၁၁/ကဖန(နိုင်)၀၈၁၇၆၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သက်ခိုင် ၁၂/ဥကမ(နိုင်)၂၂၀၈၃၃၊ ဒေါ်နေရီဝင်းမြင့်ခိုင် ၁၄/ဇလန(နိုင်)၁၂၃၆၁၀ တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်သက်ခိုင်နှင့် ဒေါ်နေရီဝင်းမြင့်ခိုင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B, W.I.P.O(Switzerland)တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)**
**အမှတ် ၂၀၁၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၀၁၂၃၆၅၁၊ ၀၉-၇၉၃၅၆၈၃၇၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၄) လမ်း၊ အမှတ်(၅၉၁)၊ နှစ်ခန်းတွဲ RC(၆)ထပ်တိုက်မှ စတုတ္ထထပ်၊ (၅လွှာ)၊ တိုက်မျက်နှာမူ(လက်ဝဲဘက်အခန်း)၊ ဧရိယာ(၁၀၂၆)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကြီးမင်းစိုး ၁၂/ စခန(နိုင်)၀၆၆၇၆၈၊ ဒေါ်စိမ့်စိမ့် ၁၂/အလန(နိုင်)၀၅၀၂၂၁ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်စစ်မင်း ၁၂/ဒဂမ(နိုင်) ၀၃၁၁၀၅၊ ဒေါ်သဥ္ဇာဦး ၁၂/ကခက(နိုင်)၀၈၄၅၇၅ တို့မှ အပြီးအပြတ် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်စစ်မင်းနှင့် ဒေါ်သဥ္ဇာဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၀၁၂၃၆၅၁၊ ၀၉-၇၉၃၅၆၈၃၇၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)**
**မြစ်ကြီးနားခရိုင်တရားရုံးတော်**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၈**

| | | |
|---|---|---|
| ဒေါ်ငွေကိုင်နန် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်လုမိုင်) | နှင့် | ၁။ ဦးဝါလာယော် ၂။ ဒေါ်ဆန်မိုင် |
| **တရားလို** | | **တရားပြိုင်များ** |

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်နေ (၁)တရားပြိုင် ဦးဝါလာယော်နှင့် မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ အမှတ်-SNS(၂၉၂)နေ (၂)တရားပြိုင် ဒေါ်ဆန်မိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ငွေကိုင်နန်(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်လုမိုင်)က အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ရ က်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင်၊ သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်၊ လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချစ်ကိုကို)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မြစ်ကြီးနားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကေတုမတီမြို့၊ မင်းကြီးဆွေရပ်ကွက်၊ အကွက်အမှတ်/အမည်-၃/ကျောင်း လမ်းအကွက်၊ ဦးပိုင်အမှတ်(၂၁၇)၊ ဧရိယာ(၀.၁၁၀)ဧကရှိ ဦးအောင်မောင်း အမည်ပေါက် မြေငှားဂရန်မူရင်းသည် ခြကိုက်ပျက်ဆီးသွားပါသောကြောင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ကေတုမတီမြို့သစ်ရဲစခန်းထောက်ခံချက်၊ တောင်ငူခရိုင်တရားရုံး၏ (၁၇-၇-၂၀၂၃) ရက်စွဲပါ ကျမ်းကျိန်အမှတ်စဉ်-(၄၃၁/၂၀၂၃)တို့ဖြင့်တင်ပြလာ၍ ဦးအောင်မောင်း အမည်ဖြင့် မြေငှားဂရန်မိတ္တူမှန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက် အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးအောင်မောင်းအား မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ချမ်းသာရပ်ကွက်၊ ယုဇနလမ်း၊ အိမ်အမှတ်(၂၀)နေ (ဦးတင်ဖေ)-ဒေါ်ခင်မြတို့၏သား ဦးညီညီလွင် ၁၃/တကန(နိုင်)၁၉၇၀၃၉ သည် မိခင်၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိခင်ဖြစ်သူအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**မိခင်-ဒေါ်ခင်မြ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ စိုင်းစည်သူကျော် ၁၃/တကန(နိုင်)၁၄၅၄၅၃သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

**မိခင် -ဒေါ်ခင်ရွှေသန်း**
**၁၃/တကန(နိုင်) ၀၅၇၃၅၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၉)၊ အိမ်အမှတ်(၅၄၈)နေ နန်းသီရိအောင်၊ မောင်အောင်ရဲကျော်၊ မောင်အောင်မျိုးဟိန်း၊ မောင်ထက်လင်းအောင်နှင့် မောင်ဆက်ပိုင်အောင်တို့၏ ဖခင် ဦးခင်အောင်ဝင်း(ခ)ဦးအောင်ဝင်း(ခ) ဦးဇေယျာ ၁၃/တကန(နိုင်) ၁၄၃၂၅၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16W/41438, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းအောင် ၈/မသန (နိုင်)၁၃၁၁၂၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 60W/98077, Stream 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာဝင်း ၁၄/ပသရ(နိုင်)၁၀၇၇၄၃မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၆၂/မမ/CE | **ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း** ကဒုတ်ဘူတာ Fire Fighting System, Landscaping လုပ်ငန်း၊ BIO Septic Tank နှင့် အခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၇ . ၂ . ၂၀၂၄ ) နေ့လည် ( ၂:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၂၄ . ၁ . ၂၀၂၄)ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## အများသိစေရန်ကြေညာခြင်း

